# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၁၈၇) ၊ ၁၃၈၆ ခုနှစ် ၊ နယုန်လဆန်း ၃ ရက်၊ ၉-၆-၂၀၂၄၊ တနင်္ဂနွေနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

# ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃) လေးလမ်းသွားတံတားသစ်ကြီးကို ဖွင့်လှစ်လိုက်ပြီဖြစ်သည့်အတွက် အရှေ့-အနောက် စီးပွားရေးစင်္ကြံ လမ်းမကြီးကိုအသုံးပြုပြီး ဘားအံမြို့-မြဝတီမြို့အထိ ဆက်စပ်သွားလာနိုင်တော့မည်

နေပြည်တော် ဇွန် ၈

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပဲခူးမြစ်ကူးတံတား(သန်လျင်တံတားအမှတ်-၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

စာမျက်နှာ ၃ သို့ ☆






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃) ကမ္ဗည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

## နေရာ ကွက်ကျား မိုးထစ်ချုန်း ရွာမည်

(၂၀၂၄ ခုနှစ်၊ ဇွန်လ ၈ ရက် ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ် စရာ အညွှန်း

ဖရန့်ခ်ဟေဆီအား နည်းပြသစ်အဖြစ် နိုက်စ်အသင်း ခန့်အပ်



စာမျက်နှာ ၁၁

အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးသွားမည် စာမျက်နှာ ၁၂

၂၀၂၄ ခုနှစ်၊ ဇွန် ၉ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး

## သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းရမည်

တပ်မတော်အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို နှစ်စဉ်ကျင်းပပြုလုပ်၍ သစ်ပင်များကို စုပေါင်းစိုက်ပျိုးလျက်ရှိသည်။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ သစ်ပင်စိုက်ပျိုးပွဲတော် ၃၈ ကြိမ်ပြုလုပ်ခဲ့၍ ရေဆင်းဆည် ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် သစ်ပင်များကို စိုက်ပျိုးခဲ့ကြကြောင်း၊ တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုဝင်များ အပါအဝင်၊ တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များ၌ ၂၀၂၃ ခုနှစ်အထိ သစ်ပင်ပေါင်း (၂၁ ဒသမ ၇၅ သန်း) ၂၁၇၅၃၄၇၇ ပင် စိုက်ပျိုးနိုင်ခဲ့ပြီး ရှင်သန်ဖြစ်ထွန်းမှုအနေဖြင့် (၁၄ ဒသမ ၃၁ သန်း) ၁၄၃၁၇၇၈၄ ပင် ရှင်သန်ဖြစ်ထွန်းခဲ့သည်ကို တွေ့ရပြီး ၆၅ ရာခိုင်နှုန်းခန့် အောင်မြင်မှုရှိခဲ့သည်ကို မှတ်တမ်းများအရ တွေ့ရကြောင်း၊ မြန်မာနိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုအနေဖြင့် ၂၀၂၀ ပြည့်နှစ်ထုတ်ပြန်ချက်အရ နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းသာရှိပြီး တဖြည်းဖြည်းလျော့နည်းလာသည်ကို တွေ့ရှိရသည့်အတွက် အလေးထားရန် မှာကြားလိုကြောင်း၊ "ဥတုရာသီတောကိုမှီ"ဟုဆိုသည့်အတိုင်း ရာသီဥတုမှန်ကန်ကောင်းမွန်ရေးအတွက် သစ်ပင်သစ်တောများကို ထိန်းသိမ်းရန်လိုအပ်မည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဇွန် ၇ ရက် နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပသည့် ၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် စိုက်ပျိုးသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် သစ်ပင်သစ်တောများ ခုတ်ထွင်ရှင်းလင်းခြင်း၊ လူနေထိုင်ရာအဆောက်အအုံများ ဆောက်လုပ်ရန်၊ မြေအောက်သယံဇာတများ ထုတ်ယူနိုင်ရန်အတွက် သစ်ပင်သစ်တောများကို ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အကြောင်းအမျိုးမျိုးတို့ကြောင့် သစ်တောသစ်ပင်များ ပြုန်းတီးမှုပိုမိုများပြားလာခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ ကမ္ဘာ့လူဦးရေသည်လည်း တဖြည်းဖြည်းပိုမိုများပြားလာခဲ့ပြီး လူနှင့် တိရစ္ဆာန်တို့မှ ထွက်ရှိသည့်အပူငွေ့များ၊ စက်ရုံ၊ အလုပ်ရုံများ၊ မော်တော်ယာဉ်များမှ ထွက်ရှိလာသည့် အပူငွေ့များကြောင့် ရာသီဥတုပြောင်းလဲမှုများဖြစ်ပေါ်ခဲ့ပြီး မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြား၌ ရေကြီးရေလျှံမှုများ၊ မုန်တိုင်းတိုက်ခတ်မှုများ၊ မိုးခေါင်ရေရှားမှုများ စသည်ဖြင့် ရာသီဥတုဖောက် ပြန်ပြောင်းလဲမှု၏ အကျိုးဆက်ကို ကြုံတွေ့ရလျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်ဟူသည်မှာ ရှောင်လွှဲ၍ရနိုင်သည် မဟုတ်သော်လည်း ကြိုတင်ပြင်ဆင်ကာကွယ်မှုကောင်းခြင်းဖြင့် ထိခိုက်ပျက်စီးမှုကို အနည်းဆုံးဖြစ်အောင် ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းရမည်ဖြစ်သကဲ့သို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ပြီး ရေစီးရေလာကောင်းမွန်စေရေး၊ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေး အမြဲမပြတ် ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြစ်ချောင်းများ၌ ရေစီးရေလာကောင်းမွန်ရေး၊ ရေဝင်ရေထွက်ပိတ်ဆို့မှု မရှိစေရေး စစ်ဆေးဆောင်ရွက်နေမှသာလျှင် ရေကြီးရေလျှံမှုများ မဖြစ်မည်ဖြစ်ကြောင်း၊ သဘာဝကို ကောင်းအောင်ဖန်တီးသည်မှာ လူသားများပင်ဖြစ်သကဲ့သို့ ဆိုးအောင်ဖန်တီးသည်မှာလည်း လူသားများပင်ဖြစ်သဖြင့် လူသားလျှင် ပဓာနဖြစ်ကြောင်း၊ သဘာဝသစ်တောထွက် သယံဇာတသစ်များကို စည်းကမ်းစနစ်တကျ မဟုတ်ဘဲ အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းများကို ဆောင်ရွက်ခြင်း၏ အကျိုးဆက်ကို ပြန်လည်ခံစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်း၊ သစ်ပင်သစ်တောများကို ချစ်မြတ်နိုးကြရန်၊ တစ်ပင်စိုက်တစ်ပင်ရှင်ရမည်ဟူသည့် စိတ်မွေး၍ ဆောင်ရွက်ကြရမည်ဖြစ်သည်။ အစကောင်းမှ အနှောင်းသေချာမည်ဖြစ်ပြီး စနစ်တကျစိုက်ပျိုးထိန်းသိမ်းသွားမည် ဆိုပါက နောင်လာနောက်သားများအတွက် စိမ်းလန်းစိုပြည်သည့် သဘာဝပတ်ဝန်းကျင်ကို ရရှိခံစားနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့် သားသတ်ဌာန ဝန်ထမ်းများ နေပြည်တော်သို့ ဘုရားဖူးခရီးစဉ် သွားရောက်လည်ပတ်

**မန္တလေး ဇွန် ၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့် သားသတ်ဌာန ဝန်ထမ်း ၁၁၂ ဦးတို့သည် တာဝန်ရှိသူများ ကြီးကြပ်လိုက်ပါကာ ယနေ့ နံနက် ၅ နာရီက နေပြည်တော်သို့ ယာဉ် ၅ စီးဖြင့် ဘုရားဖူးခရီးစဉ် သွားရောက်ခဲ့ကြသည်။



အဆိုပါ ခရီးစဉ်တွင် ဈေးနှင့် သားသတ်ဌာန ဒုတိယဌာနမှူးနှင့် ဌာနခွဲမှူးတို့မှ ဦးဆောင်၍ မာရဝိဇယစေတီတော်၊ ဥပ္ပါတသန္တိစေတီတော်နှင့် ရွှေနန်းသွင်းစေတီတော်(လက်လုပ်တောင်တောရ)သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

"ဒီနေ့ကတော့ ဈေးနဲ့သားသတ်ဌာနက ဝန်ထမ်းတွေ၊ အရာထမ်း၊ အမှုထမ်းတွေနဲ့ ဝန်ထမ်းမိသားစုတွေကို ဘုရားဖူးလိုက်ပို့တာပါ။ အခုလိုဝန်ထမ်း မိသားစုတွေ စုစုစည်းစည်းနဲ့ ပျော်ပျော်ပါးပါးဘုရားဖူးရတာဆိုတော့ ဝမ်းသာကျေတာပေါ့။ ခုလိုဝန်ထမ်းမိသားစုတွေကို ဘုရားဖူးခရီးစီစဉ်ပေးတဲ့ကော်မတီကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ဈေးနှင့် သားသတ်ဌာန ဒုတိယဌာနမှူး ဦးရဲကျော်စွာက ပြောသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာန (၁၄)ခုမှ ဝန်ထမ်းနှင့် မိသားစုများအား နေပြည်တော်သို့ ဘုရားဖူးခရီးစဉ်အဖြစ် ဌာနတစ်ခုချင်းစီအလိုက် အလှည့်ကျပို့ဆောင်ပေးလျက်ရှိရာ ဝန်ထမ်းများနှင့် မိသားစုများအတွက် ကုသိုလ်ကောင်းမှုပြုနိုင်သည့်အပြင် ပျော်ရွှင်စရာခရီးစဉ်တစ်ခုဖြစ်သည်ဟု သိရသည်။

(မန္တလေးနေ့စဉ်-၅)

ဝ-ဝ-ဝ-ဝ-ဝ

## ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး နေ့စဉ်ဆောင်ရွက်လျက်ရှိ

**မန္တလေး ဇွန် ၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် သန့်ရှင်းရေးဌာန၊ ရေနှင့် သန့်ရှင်းမှုဌာန၊ စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးများပါဝင်သည့်အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် အနိုပ်တော်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၅၈C လမ်းအနောက်ဘက်ခြမ်းမြောင်းအတွင်းမှ မြောင်းစာများကို လုပ်သားများက ၂၁ လမ်းနှင့် ၂၂ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ရေနီမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၇ လမ်းနှင့် ၁၉ လမ်းကြားတွင် တပ်ဆင်ထားသည့် အမှိုက်စစ်ဆန်ခါများမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၀ လမ်းနှင့် ၁၂ လမ်းကြား မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် အောင်နန်းရိပ်သာအနောက်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၃၄ လမ်းမြောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၈၄ လမ်းနှင့် ၈၅ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ဟေမာဇလရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၇၉ လမ်းအရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၂၈ လမ်းနှင့် ၂၉ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် လမ်း ၇၀ အနောက်ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ၂၆ လမ်းနှင့် ၂၉ လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ ချမ်းမြသာစည်မြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် မြို့သစ်(၁) ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၈ လမ်း မန္တလာသီရိဘောလုံးကွင်းမျက်နှာစာ မြက်ချုံရှင်းလင်းခြင်း၊ အရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်စာများကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်း၊ ကန်သာယာရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၅၈A လမ်းအနောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၁၀၄ လမ်းနှင့် ၁၀၅ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ရွှေတချောင်းမြောင်းအတွင်း မျောပါလာသည့် အမှိုက်များကို Longarm စက်အသုံးပြု၍ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ ပြည်ကြီးတံခွန်မြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ဂျပန်မြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို Longarm စက်အသုံးပြု၍ ၆၆ လမ်းနှင့် ၆၇ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ၁၂၅ လမ်းနှင့် ၅၆ လမ်းထောင့်မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို Takeuchi ဘက်ဟိုးစက်အသုံးပြု၍ ဆယ်ယူရှင်းလင်းခြင်းနှင့် ၁၁၂ လမ်းနှင့် ၆၄B လမ်းထောင့်ဖြတ်ဂုံးအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ကြပြီး မြို့နယ်အလိုက် ဆယ်ယူထားသည့် အမှိုက်နှင့် မြောင်းစာများကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



(မန္တလေးနေ့စဉ်-၃)

ဝ-ဝ-ဝ-ဝ-ဝ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ဂျပန် တံတားတည်ဆောက်ရေး အင်ဂျင်နီယာအဖွဲ့ Nippon Koei ကုမ္ပဏီမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

## ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃)ဖွင့်ပွဲ အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃) တည်ဆောက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## လွှဲပြောင်းပေးအပ်

ယင်းနောက် ပဲခူးမြစ်ကူးတံတား(သန်လျင် တံတားအမှတ် -၃) တည်ဆောက်ခြင်း Documentary Movie ကို တင်ပြပြီး တံတား တည်ဆောက်ခြင်းဆိုင်ရာ စာရွက်စာတမ်းများကို ဂျပန်တံတားတည်ဆောက်ရေး အင်ဂျင်နီယာအဖွဲ့ Nippon Koei ကုမ္ပဏီမှ Mr. Togo က ဆောက်လုပ်ရေး ဝန်ကြီးဌာန တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချို ထံသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ် -၃) ဖွင့်လှစ်ခြင်းအထိမ်းအမှတ် လက်ဆောင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃) ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် အမှာစကား ပြောကြားရာတွင် ယနေ့သည် မြန်မာပြည်သူလူထု၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာစေရေးအတွက် အရေးပါသည့် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃)ကို အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ယူဖွယ်ရာနေ့တစ်နေ့ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့နှင့် ရန်ကုန်တိုင်းဒေသကြီး အတွက်သာမကဘဲ မြန်မာပြည်သူများ အားလုံးအတွက်ပါ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်နေ့တစ်နေ့ဖြစ်ကြောင်း။

ရန်ကုန် တိုင်းဒေသကြီး သာကေတမြို့နယ်နှင့် သန်လျင်မြို့တို့ကို ဆက်သွယ်ထားသည့် အရှည် ၈၆၃၈(ရှစ်ထောင့်ခြောက်ရာသုံးဆယ့်ရှစ်) ပေရှိသည့် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃) လေးလမ်းသွားတံတားသစ်ကြီးကို ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)မှ သက်သာသည့်ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုတံတားကို အခြားတံတားဒီဇိုင်းများနှင့် မတူစေဘဲ ရန်ကုန်မြို့၏အထင်ကရ အမှတ်အသား (Landmark) ဖြစ်စေရန်အတွက် သံမဏိကြိုးဆိုင်းတံတား (Cable Stayed Bridge)ဖြင့် ခိုင်ခံ့လှပထည်ဝါစွာ တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃) တည်ဆောက်ရေးအင်ဂျင်နီယာအဖွဲ့အား သစ်သီးခြင်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

## တည်ဆောက်နိုင်ခဲ့

ယခုတံတားကြီးတည်ဆောက်နိုင်ရန်အတွက် ၂၀၁၇ ခုနှစ်တွင် ချေးငွေ သဘောတူစာချုပ် ချုပ်ဆိုခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် စတင် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် နိုင်ငံရေးအခြေအနေများကြောင့် တံတားတည်ဆောက်ရေးလုပ်ငန်း၊ ချေးငွေကိစ္စရပ်များ တုံ့ဆိုင်းသွားခဲ့ပြီး အကြိမ်ကြိမ်ညှိနှိုင်းချက်များအရ ပြန်လည်တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် ရန်ပုံငွေသုံးစွဲမှုတွင် လိုအပ်ချက်ဖြစ်ပေါ်လာခြင်းကြောင့် နိုင်ငံတော်မှ ကျပ် ၄၆ ဘီလီယံကျော်ထည့်ဝင်ကျခံပြီး တံတားကြီးတည်ဆောက်ပြီးစီးရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ တံတားကြီးကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပြီဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း တို့က ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

❖ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်နှင့် သန်လျင်မြို့တို့ကို ဆက်သွယ်ထားသည့် အရှည် ၈၆၃၈ (ရှစ်ထောင့်ခြောက်ရာသုံးဆယ့်ရှစ်) ပေရှိသည့် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃) လေးလမ်းသွားတံတားသစ်ကြီးကို ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)မှ သက်သာသည့်ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးမြစ်ကူးတံတား(သန်လျင်တံတားအမှတ်-၃) ကမ္ဗည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

☆ စာမျက်နှာ ၃ မှ

မိမိတို့ နိုင်ငံတစ်ဝန်းတွင် အေးအတူပူအမျှ လက်တွဲပြီး မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေး ကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာရေးအတွက် ပထဝီအနေအထားအရ သဘာဝအတားအဆီးဖြစ်သည့် နေရာများတွင် တံတားများတည်ဆောက်ပေးခြင်း၊ လမ်းများကို ရာသီမရွေးသွားလာနိုင်အောင် ဖောက်လုပ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများကို နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် မြို့ပြဒေသများ သာမက ဝေးလံခေါင်ပါးသည့် နယ်စပ်ဒေသများပါမကျန် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းများအဆင့်မြှင့်တင်ပေးခြင်း၊ လမ်းကွန်ရက်များ တိုးချဲ့ခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃) ကမ္ဗည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃) ကမ္ဗည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမြို့တော်ကြီးတစ်မြို့ဖြစ်သကဲ့သို့ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ လူဦးရေတိုးပွားလာမှုတို့ကြောင့်တစ်နေ့တာသွားလာသည့် ယာဉ်အစီးရေသည်လည်း သိသိသာသာ တိုးမြင့်လာသည်ကို တွေ့ရကြောင်း၊ထို့ကြောင့်ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ကြောသွားလာမှု စနစ်တကျဖြစ်စေရေးအတွက် ခုံးကျော်တံတားများ တည်ဆောက်ခြင်းနှင့် လေးလမ်းသွား မြစ်ကူးတံတားကြီးများတည်ဆောက်ပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိကြောင်း၊ အဆိုပါ လုပ်ငန်းများကြောင့် လက်ရှိဖြစ်ပေါ်နေသည့် ယာဉ်ကြောပိတ်ဆို့နေမှုကို လျှော့ချနိုင်ပြီး ကုန်စည်စီးဆင်းမှု မြန်ဆန်လာမည်ဖြစ်သည့်အတွက်ပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားများ ဖြစ်ပေါ်လာစေရန် မပြတ်သောသတိ၊ မလျော့သောဝီရိယများနှင့်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ကဏ္ဍများတွင် အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာမည်ဟူသည့် အကြောင်းကိုလည်း ပြောကြားလိုကြောင်း။

စာမျက်နှာ ၅ သို့ ☆




## စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃) ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။

☆ စာမျက်နှာ ၄ မှ

ယခုအခါ ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ် - ၃) လေးလမ်းသွားတံတားသစ်ကြီးကို ဖွင့်လှစ်လိုက်ပြီဖြစ်သည့်အတွက် သန်လျင်တံတားအမှတ်(၁)တွင် ဖြစ်ပေါ်လျက်ရှိသည့် ယာဉ်ကြောပိတ်ဆို့မှုများကို ဖြေရှင်းပေးနိုင်တော့မည်ဖြစ်သည့်အပြင် သီလဝါ အထူးစီးပွားရေးဇုန်ကို အကြောင်းပြုပြီး ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းများ တိုးပွားလာမှုကြောင့် ရန်ကုန်မြို့အပါအဝင် ရန်ကုန်တောင်ပိုင်းခရိုင် မြို့နယ်များဖြစ်သည့် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာမည်ဖြစ်ကြောင်း၊ နောင်အခါတွင် အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးကို အသုံးပြုပြီး ဘားအံမြို့ -မြဝတီမြို့အထိ ဆက်စပ်သွားလာနိုင်တော့မည် ဖြစ်သည့်အတွက် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အကျိုးပြုမည်သာမက ဒေသတွင်း နိုင်ငံများနှင့်ပါ ဆက်သွယ်မှု ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း။

### အထောက်အကူပြု

ယခုကဲ့သို့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းနှင့်အတူ သီလဝါ အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက်တွင်ပါဝင်သော **"တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေးနှင့် ပြည်တွင်းထုတ်ကုန်များကို နိုင်ငံတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး"** ဟူသည့် အချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အထောက်အကူများစွာ ပြုစေမည်ဖြစ်ကြောင်း။

ယခုတံတားကြီး တည်ဆောက်ပြီးစီးခြင်းနှင့်အတူ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ သာမက အလုပ်အကိုင် အခွင့်အလမ်းများ ပွင့်လန်းလာပြီး ခရီးသွားပြည်သူများ လွယ်ကူလျင်မြန်စွာ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သောကြောင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တာဝန်ရှိသူများက ကြံ့ခိုင်ရေးကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း တိကျစွာလိုက်နာပြီး ရေရှည်ကို မျှော်မှန်းကာ ဆောင်ရွက်ကြရန်လိုသကဲ့သို့ ဒေသခံများကလည်း ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃) အား ဖြတ်သန်းကြည့်ရှုစဉ်။

## ❖ ယခုကဲ့သို့ ပဲခူးမြစ်ကူးတံတား(သန်လျင်တံတား အမှတ်-၃)ကို အောင်မြင်စွာ တည်ဆောက်ပြီးစီးခဲ့သည့်အတွက် သန်လျင်တံတားအမှတ်-၁ တွင် ဖြစ်ပေါ်လျက်ရှိသည့် ယာဉ်ကြောပိတ်ဆို့မှုများအား ဖြေရှင်းပေးနိုင်မည်ဖြစ်ပြီး သီလဝါအထူးစီးပွားရေးဇုန်ကို အကြောင်းပြု၍ ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းများ တိုးပွားလာမှုကြောင့် ရန်ကုန်မြို့အပါအဝင် ရန်ကုန်တောင်ပိုင်းခရိုင် မြို့နယ်များဖြစ်သည့် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာမည်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် တံတားတည်ဆောက်ရေးတွင် ပါဝင်ခဲ့ကြသည့် တည်ဆောက်ရေး အင်ဂျင်နီယာအဖွဲ့အား သစ်သီးခြင်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃)အား ဖဲကြိုးဖြတ်ဖွင့်လှစ်မည့်နေရာသို့ ရောက်ရှိကြပြီး ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

### စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃) ကမ္ဗည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ဆက်လက်၍ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ကမ္ဗည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃) ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃) ကမ္ဗည်းမော်ကွန်း ကြေးပြား ဖွင့်လှစ်မည့် တံတားအလယ်တိုင် (Pylon)သို့ ရောက်ရှိကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဗည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ကမ္ဗည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။


ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃)အား ဖြတ်သန်းကြည့်ရှု၍ တည်ဆောက်ပြီးစီးမှု အခြေအနေများကို စစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်- ၃) တည်ဆောက်ရေး စီမံကိန်းကို ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)နှင့် မြန်မာနိုင်ငံ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ စီမံကိန်းအကောင်အထည်ဖော်ရေး သဘောတူညီချက်အရ ၂၀၁၃ ခုနှစ်မှစတင်၍ စီမံကိန်းလုပ်ငန်း အဆင့်အလိုက် အဆင့်ဆင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တံတားအရှည်အနေဖြင့် မြစ်ကူးတံတားအပိုင်း ၆၆၆၃ ပေ၊ ခုံးကျော်တံတားအပိုင်း ၁၉၇၅ ပေ စုစုပေါင်း ၈၆၃၈ ပေရှိ၍ တံတားအကျယ် ၇၅ ပေဖြစ်ကာ လေးလမ်းသွားတံတားဖြစ်ပြီး တစ်ဖက်လျှင် Safe Zone ငါးပေစီ ပါရှိသည်။ တံတား၏ ရေလမ်းကင်းလွတ်အမြင့်မှာ ၄၃ ပေရှိပြီး ရေလမ်းကင်းလွတ်အကျယ်မှာ ၇၃၅ ပေဖြစ်၍ သံမဏိကြိုးဆိုင်းတံတား (Cable Stayed Bridge)၊ Steel Box နှင့် PC Box အမျိုးအစားဖြစ်ကာ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်သည်။

### ဆက်သွယ်မှု ပိုမိုဖွံ့ဖြိုးလာမည်

ယခုကဲ့သို့ ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃)ကို အောင်မြင်စွာ တည်ဆောက်ပြီးစီးခဲ့သည့်အတွက် သန်လျင်တံတား အမှတ်-၁ တွင် ဖြစ်ပေါ်လျက်ရှိသည့် ယာဉ်ကြောပိတ်ဆို့မှုများအား ဖြေရှင်းပေးနိုင်မည်ဖြစ်ပြီး သီလဝါ အထူးစီးပွားရေးဇုန်ကို အကြောင်းပြု၍ ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းများ တိုးပွားလာမှုကြောင့် ရန်ကုန်မြို့ အပါအဝင် ရန်ကုန်တောင်ပိုင်းခရိုင် မြို့နယ်များဖြစ်သည့် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာမည် ဖြစ်ကြောင်း၊ သီလဝါ အထူးစီးပွားရေးဇုန်နှင့် သန်လျင်ဒေသ ဖွံ့ဖြိုးတိုးတက်လာမည်သာမက အရှေ့- အနောက် စီးပွားရေးစင်္ကြံ လမ်းမကြီးကို အသုံးပြု၍ ဘားအံ-မြဝတီအထိ ဆက်စပ် သွားလာနိုင်မည်ဖြစ်သောကြောင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အကျိုးပြုမည်သာမက ဒေသတွင်း နိုင်ငံများနှင့်ပါ ဆက်သွယ်မှု ပိုမိုဖွံ့ဖြိုးလာမည် ဖြစ်ကြောင်း၊ အဆင့်မြင့် နည်းပညာဖြင့် ဆောက်လုပ်ထားသည့် တံတားဖြစ်သည့်အတွက် မြန်မာအင်ဂျင်နီယာများအနေဖြင့် တံတားတည်ဆောက်ခြင်း ခေတ်မီနည်းပညာနှင့် အတွေ့အကြုံများ ရရှိခဲ့ပြီး ကျွမ်းကျင်လုပ်သားများလည်း ပေါ်ထွက်လာခဲ့ကြောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိစေခဲ့သည့် အကျိုးကျေးဇူးများရရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃)ကို တွေ့ရစဉ်။

❖ စာမျက်နှာ ၂၄ မှ

အမြတ်ရရှိရေးသည် အဓိကမဟုတ်ဘဲ ရန်ကုန်တိုင်းဒေသကြီးရှိပြည်သူလူထုအနေဖြင့် အသား၊ ငါးနှင့် ရာသီသီးနှံများကို သက်သာသောဈေးနှုန်းများဖြင့် ဝယ်ယူစားသောက်နိုင်စေရေး အတွက် အဓိကဆောင်ရွက်ခြင်းဖြစ်သဖြင့် ယခုထက်ပိုမို အောင်မြင်အောင် ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း၊ မွေးမြူရေးဆောင်ရွက်ရာ၌ နည်းလမ်းစနစ်မှန်ကန်ရန်နှင့် အစာနှင့်ရေကို ပြည့်ပြည့်ဝဝကျွေးမွေးမည်ဆိုပါက အထွက်နှုန်းများလည်း တိုးတက်ကောင်းမွန်နေမည်ဖြစ်ကြောင်း။



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီလဝါ ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်တွင် ငါးမွေးမြူရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**ချိတ်ဆက်ဆောင်ရွက်နေရန်လို**

စိုက်ပျိုးမွေးမြူရေး ဇုန်များမှ ထွက်ကုန်ပစ္စည်းများအား ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချရာ၌ ပြည်သူလူထု၏ လက်ဝယ်သို့ တိုက်ရိုက်ရောက်ရှိမှသာလျှင် ဈေးနှုန်းသက်သာမည်ဖြစ်သည့်အတွက် မြို့တော်စည်ပင်သာယာရေးအဖွဲ့၊ တိုင်းစစ်ဌာနချုပ် သက်သာချောင်ချိရေး အရောင်းဆိုင်များနှင့် ချိတ်ဆက်ဆောင်ရွက်နေရန်လိုကြောင်း၊ ပြည်တွင်းစားသုံးမှုဖူလုံအောင် ထုတ်လုပ်နိုင်ပြီးပါက ထပ်မံတိုးချဲ့ထုတ်လုပ်၍ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများသို့လည်း အေးခဲအသား၊ ငါးများ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းနိုင်ငံအများအပြားအနေဖြင့် အသား၊ ငါးနှင့် စိုက်ပျိုးရေးထွက်ကုန်သီးနှံ လိုအပ်ချက်မြင့်မားလျက်ရှိသည်ကို လေ့လာတွေ့ရှိချက်များအရ သိရှိရသဖြင့် ခိုင်မာသည့်ဈေးကွက်ဝယ်လိုအားရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြည်တွင်းစားသုံးသူများ၏ လိုအပ်ချက်ကို ပြည့်မီအောင် ဆောင်ရွက်ပြီး ပြည်ပသို့အရည်အသွေးပြည့်မီသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မိရိုးဖလာသမားရိုးကျနည်းလမ်းများဖြင့် မွေးမြူခြင်းထက် ခေတ်မီနည်းစနစ်များ အသုံးပြုစိုက်ပျိုးသည့် နည်းလမ်းများကို အသုံးပြုဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် အောင်မြင်နေသည့် နိုင်ငံများ၏ စိုက်ပျိုးရေးနည်းလမ်းများ၊ မွေးမြူရေးနည်းလမ်းများကိုလည်း အမြဲမပြတ်လေ့လာ၍ အတုယူဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီလဝါ ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်ရှိ ငါးသားဖောက်လုပ်ငန်းဆောင်ရွက်နေမှုနှင့် ငါးသားပေါက်မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်တွင် မွေးမြူထားရှိသည့် ငါးအမျိုးအစားနမူနာပြသထားရှိမှုများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မွေးမြူရေးဇုန်အတွင်းရှိ ငါးသားဖောက်လုပ်ငန်း ဆောင်ရွက်နေမှုနှင့် ငါးသားပေါက်မွေးမြူထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်အတွင်း လှည့်လည်၍ ဘဲမွေးမြူရေးဆောင်ရွက်ထားရှိမှုနှင့် ငါးမွေးမြူရေးဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရေးအတွက် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲကစားရန် မြန်မာ့လက်ရွေးစင်အသင်း လာအိုနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇွန် ၈**

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲ ယှဉ်ပြိုင်ကစားရန် ဇွန် ၈ ရက်က လာအိုနိုင်ငံ ဗီယန်ကျင်းမြို့သို့ ထွက်ခွာသွားသည်။

**အပြောင်းအလဲအချို့ပြုလုပ်**

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် မြောက်ကိုရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် အုပ်စုနောက်ဆုံးပွဲအတွက် ကစားသမား ၂၄ ဦး ခေါ်ဆောင်သွားပြီး ဂျပန်အသင်းနှင့်ပွဲအတွက် ရွေးချယ်ထားသည့် ကစားသမား ၂၃ ဦးကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မြောက်ကိုရီးယားအသင်းနှင့်ပွဲမတိုင်မီ သွားရောက်ခြင်းဖြစ်ပြီး ဂျပန်နှင့်ပွဲတွင် ပွဲပယ်ပြစ်ဒဏ်ကျခံထားရသည့် နည်းပြချုပ် ဖိုက်အွန်ဘိုင်နာအနေဖြင့် ကွင်းအတွင်း ပြန်လည်ကြီးကြပ်ခွင့်ရမည်ဖြစ်သလို နောက်တန်းကစားသမား ဟိန်းဖြိုးဝင်းလည်း ပြန်လည်ကစားခွင့်ရမည်ဖြစ်သည်။

မြောက်ကိုရီးယားအသင်းသည် အိမ်ကွင်းပွဲများကို လက်ခံကျင်းပနိုင်ခြင်းမရှိသဖြင့် ဇွန် ၆ ရက်က ကစားသည့် ဆီးရီးယားအသင်းနှင့်ပွဲ၊ ဇွန် ၁၁ ရက်တွင် ကစားမည့် မြန်မာအသင်းနှင့်ပွဲများကို လာအိုနိုင်ငံ၌ ပြောင်းလဲကျင်းပခြင်းဖြစ်သည်။ မြောက်ကိုရီးယားအသင်းနှင့် မြန်မာအသင်းပွဲကို ဇွန် ၁၁ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။ အုပ်စု(ခ)တွင် ဂျပန်အသင်းက ငါးပွဲစလုံးအနိုင်ရကာ ရမှတ် ၁၅ မှတ်ဖြင့် နောက်တစ်ဆင့် တက်ရောက်သွားပြီး ဆီးရီးယားအသင်းက ခုနစ်မှတ်၊ မြောက်ကိုရီးယားအသင်းက ခြောက်မှတ်၊ မြန်မာအသင်းက တစ်မှတ် ရရှိထားသည်။ မြောက်ကိုရီးယားအသင်းသည် မြန်မာအသင်းကို အနိုင်ကစားနိုင်ပါက အုပ်စုဒုတိယနေရာရယူနိုင်ရန် မျှော်လင့်ချက်ရှိနေသည်။ မြန်မာအသင်းသည် မြောက်ကိုရီးယားအသင်းနှင့် ပထမအကျော့ အိမ်ကွင်းတွေ့ဆုံရာတွင် ခြောက်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ-သော်ကြီး

ဝ-ဝ-ဝ-ဝ-ဝ



## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇွန် ၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် "၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ"ကို ဇွန် ၁၂ ရက်မှ ၁၄ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲသို့ အမျိုးသားအသင်း ၁၁ သင်း၊ အမျိုးသမီးအသင်း ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အားကစားကို စိတ်ဝင်စားသည့် မည်သူမဆို(အခမဲ့) လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၈

စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက အတည်ပြုပြီး စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဗဟိုကော်မတီ၊ ဒေသဆိုင်ရာကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီများ ဖွဲ့စည်းပြီး စက်မှုဇုန်အသစ်များ စနစ်တကျ ထူထောင်သွားရန်၊ တည်ထောင်ပြီး စက်မှုဇုန်များကို အဆင့်မြှင့်တင်ရန်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်များတွင် ပြန့်ကျဲတည်ရှိနေသော စက်မှုလုပ်ငန်းများကို စက်မှုဇုန်များတွင် စုပေါင်းလုပ်ကိုင်စေခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများ ခံစားရရှိစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်နှင့် နိုင်ငံ့စီးပွားတိုးတက်ရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဗဟိုကော်မတီအနေဖြင့် မူဝါဒနှင့် လမ်းညွှန်ချက်များ ချမှတ်ပေးသွားမည်ဖြစ်ပြီး ဒေသဆိုင်ရာ ကော်မတီများသည် အဓိကတာဝန်ယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စီမံခန့်ခွဲရေးကော်မတီများကိုလည်း ယခင်ကထက် ပိုမိုအားကောင်းအောင် ဖွဲ့စည်းပေးရမည်ဖြစ်ကြောင်း၊ အစည်းအဝေးတက်ရောက်လာသူများအနေဖြင့် စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေနှင့်ပတ်သက်၍ ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးပေးရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။ (အပေါ်ပုံ)

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တည်ထောင်ပြီး စက်မှုဇုန်များကို ပြဋ္ဌာန်းပြီးဖြစ်သည့် ဥပဒေ၊ နည်းဥပဒေများအရ စက်မှုဇုန်အရွယ်အစားများကို သတ်မှတ်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စက်မှုဇုန်များကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင် ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က စက်မှုဇုန်ဥပဒေနှင့် စက်မှုဇုန်နည်းဥပဒေများ ပြဋ္ဌာန်းခြင်း၊ စက်မှုဇုန်ဥပဒေ၏ ရည်ရွယ်ချက်၊ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဖွဲ့စည်းခြင်း၊ စက်မှုဇုန်အသစ်တည်ထောင်ခြင်းနှင့် သတ်မှတ်ကြေညာခြင်း၊ တည်ထောင်ပြီး စက်မှုဇုန်များရှိ စက်မှုလုပ်ငန်းများနှင့် ဆောင်ရွက်ဆဲ စက်မှုဇုန်စီမံကိန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူးက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်မှုလုပ်ငန်းများ တည်ထောင်လည်ပတ်နေမှု၊ စက်မှုဇုန်ဥပဒေနှင့် နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်မည့် အခြေအနေကိုလည်းကောင်း၊ စက်မှုဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့မှု၊ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌက စက်မှုဇုန်အတွင်း လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ Good Brother Co.,Ltd က တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ပေးချက်အရ ကြိတ်လုံးနှစ်လုံးတပ် ဝါကြိတ်စက်ကို နေရောင်ခြည်စွမ်းအင်ဖြင့် အသုံးပြုနိုင်ရေးအတွက် စမ်းသပ်ထုတ်လုပ်နေမှုကိုလည်းကောင်း၊ စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌများနှင့် တက်ရောက်လာသူများက စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်အချက်များနှင့် ဆောင်ရွက်သင့်သည့် အချက်များကိုလည်းကောင်း အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)သို့ ရောက်ရှိရာ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ၊ သင်တန်းကျောင်းအဆင့်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အထည်အလိပ်သင်တန်းနှင့်ပတ်သက်၍ ကာလတို သင်တန်းများဖွင့်လှစ်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးတို့က လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် အထည်ချုပ်သင်တန်း ဖွင့်လှစ်နိုင်ရေးအတွက် စက်များတပ်ဆင်ထားရှိမှု၊ သင်တန်းကျောင်းအဆင့်မြှင့်တင်နိုင်ရေးအတွက် စက်ပစ္စည်းများ ထပ်တိုးတပ်ဆင်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအေးကျော် ဓာတ်အားခွဲရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၈

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးရှိ ၁၃၂ ကေဗွီ တံခွန်တိုင် ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိစစ်ဆေးသည်။



ထိုသို့စစ်ဆေးစဉ် တာဝန်ရှိသူများက ဂိုဒေါင်အလိုက် ပစ္စည်းများ ထိန်းသိမ်းထားသိုမှု/ ထုတ်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ဓာတ်အားပို့လွှတ်/ဖြန့်ဖြူးရေးအတွက် ဝယ်ယူဖြည့်တင်းသောပစ္စည်းများ အလေအလွင့်မရှိအောင် စနစ်တကျ ထားသို ထိန်းသိမ်း/သုံးစွဲ သွားရမည်ဖြစ်ကြောင်း၊ နှစ်စဉ်ဆောင်ရွက်မည့်လုပ်ငန်းများအရ ပစ္စည်းလိုအပ်ချက်ကို လက်ကျန်စာရင်းများဖြင့် စိစစ်ပြီး စနစ်တကျဝယ်ယူဖြည့်တင်း၍ စိစစ်ထုတ်ယူသုံးစွဲခြင်းဖြင့် နိုင်ငံ့ဘဏ္ဍာငွေချွေတာရာရောက်ကြောင်း၊ ထို့ကြောင့် ပစ္စည်းများ ရရှိ/ ထုတ်ပေး/ သုံးစွဲ/ လက်ကျန်စာရင်းများကို စနစ်တကျ စာရင်းပြုစုပြီး လစဉ်ပြုစုတင်ပြကြရန်လိုကြောင်း၊ ဖြန့်ဖြူးရေးလုပ်ငန်းများတွင် သက်တမ်းလွန်သုံးစွဲခဲ့ပြီး လဲလှယ်ထွက်ရှိပစ္စည်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ကြရန်၊ နှစ်ချုပ်လက်ကျန်စာရင်းကောက်ယူမှု မှန်ကန်စေရေးဆောင်ရွက်ရန်၊ ထုတ်ယူသုံးစွဲထားသောပစ္စည်းများ အချိန်မီစာရင်းဖြောင့် ရှင်းလင်းဆောင်ရွက်ရန်မှာကြားကာ ဓာတ်အားခွဲရုံ၏ ဓာတ်အားထိန်းချုပ်ခန်းအတွင်းမှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှု၊ မြေပြင်ရှိပစ္စည်းများ ထိန်းသိမ်းထားသိုမှုအခြေအနေနှင့် တပ်ဆင်ရေးလုပ်ငန်း လုပ်ဆောင်နေသည့် ဓာတ်အားကွပ်ကဲရေးဌာန (မန္တလေး) အဆောက်အအုံတို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ၂၃၀ ကေဗွီ မြောက်ပြင်ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိပြီး ဓာတ်အားထိန်းချုပ်ခန်းအတွင်းနှင့် Switch Yard အတွင်း ဓာတ်အားလွှတ်ပစ္စည်းများ၏ အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် စီမံကိန်းမန်နေဂျာရုံး(၃) မန္တလေးတွင် ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ စီမံကိန်းမန်နေဂျာက ၂၀၂၄-၂၀၂၅ ဘတ်ဂျက်ပါ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများသို့ရောက်ရှိပြီး ပြည်သူများ လစဉ်ဓာတ်အားသုံးစွဲမှုအတွက် ဓာတ်အားခတောင်းခံလွှာများ အချိန်မီဖြန့်ဝေနိုင်ရေး လယ်ဂျာစာရင်းဖြင့် အဆင့်ဆင့်စစ်ဆေးဆောင်ရွက်နေမှုနှင့် ရုံးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်)ရှိ Call Center မှ ဓာတ်အားဖြန့်ဖြူးမှုကို ကြီးကြပ်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျေးသီးမြို့နယ်၌ ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ယူစို့ အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေ

ကျေးသီး ဇွန် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကြီးကြပ်၍ အများပြည်သူများ အသွားအလာများသည့်နေရာများနှင့် မြို့မဈေးအတွင်း/ အပြင်တို့၌ ဇွန် ၇ ရက် နံနက် ၈ နာရီတွင် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက်"ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ယူစို့" ဆောင်ပုဒ်ပါ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထိုသို့ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် ကျေးသီးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ (မြန်မာဘာသာနှင့်ရှမ်းဘာသာ) နှစ်မျိုးလုံးဖြင့် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားသို့ တက်ရောက်









**မန္တလေး ဇွန် ၈**

မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိအမြင် တိုးတက်လာသည်နှင့်အမျှ သစ်တောသစ်ပင် စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပြည်သူတစ်ရပ်လုံးက တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိရာ ပြည်သူလူထုပါဝင်သော သစ်တောသစ်ပင်ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို အရှိန်ဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရန်နှင့် သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် အထောက်အကူပြုရန်၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်ထိန်းသိမ်းနိုင်ရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်များတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို ကျင်းပကြရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး ခရိုင်/မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အသင်းအဖွဲ့များ၊ ပြည်သူလူထုများ တက်ရောက်ကြပြီး အရိပ်ရပင်များကို တပျော်တပါးစိုက်ပျိုးခဲ့ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် ၄၄ လမ်း(မန္တလေး-ပြင်ဦးလွင်လမ်း)မှ ၁၁၇ လမ်းအထိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ကျင်းပသည့် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်သို့ ရောက်ရှိပြီး တက်ရောက်လာသူများနှင့်အတူ သတ်မှတ်နေရာများတွင် အရိပ်ရပင်များ စိုက်ပျိုးပြီးနောက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထုတို့က အရိပ်ရအပင်များကို စုပေါင်း၍ တပျော်တပါးတက်ကြွစွာဖြင့် စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ်ရှိ လောကမဏိစူဠာဘုရားဝင်းအတွင်း၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်သို့ရောက်ရှိပြီး သတ်မှတ်နေရာများတွင် အရိပ်ရပင်များ စိုက်ပျိုးပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အရိပ်ရအပင်များအား တက်ရောက်လာသူများက တပျော်တပါးတက်ကြွစွာဖြင့် စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ယနေ့ကျင်းပသည့် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ချမ်းမြသာစည်မြို့နယ်အပါအဝင် အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ်များတွင် မဟော်ဂနီ၊ မဲဇလီ၊ ၄၀၊ တယ်၊ မယ်ဇယ်၊ စိန်ပန်း၊ ခရေ သစ်မျိုး ၇ မျိုး၊ စုစုပေါင်း ၃၉၉၀ ပင် စိုက်ပျိုးခဲ့ပြီး ယခုနှစ်မိုးရာသီတွင် စီမံချက်ဖြင့် အပင် ၂၀၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ လောကမဏိစူဠာဘုရားဝင်းအတွင်း၌ မဟော်ဂနီ၊ ခရေ၊ ပိတောက်၊ မယ်ဇယ်၊ ကံ့ကော်၊ ယင်းမာ၊ သဘော်တယ်၊ တမာ၊ စိန်ပန်းနီ၊ မန်ကျည်း၊ လင်းလွန်း၊ သပြေဘူတစသည့် သစ်မျိုး(၁၂)မျိုး စုစုပေါင်း ၆၅၆ ပင်အား စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**







# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အခြေခံပညာကျောင်းများတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုအားပေး

**မန္တလေး၊ ဇွန် ၈**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရာတွင် အေးချမ်းပျော်ရွှင်စွာဖြင့် စိတ်ချမ်းမြေ့စွာသင်ယူနိုင်ရေး၊ ကျောင်းအင်္ဂါရပ်နှင့်အညီ ဖြစ်စေရေး၊ ဥပဓိရုပ်များကောင်းမွန်ရေး၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာ အမြင်တင့်တယ်စေရေးအတွက် အခြေခံပညာကျောင်းများတွင် စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက မဟာအောင်မြေခရိုင်နှင့် အောင်မြေသာစံခရိုင်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများသို့သွားရောက်၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ထိုသို့ လိုက်လံကြည့်ရှုရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ်ရှိ အမှတ်(၂၄)အခြေခံပညာအထက်တန်းကျောင်းသို့လည်းကောင်း၊ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းသို့လည်းကောင်း ရောက်ရှိပြီး ကျောင်းဝင်းအတွင်း ချုံနွယ်၊ ပေါင်းမြက်များ၊ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းနေမှု၊ ရေစီးရေလာကောင်းမွန်စေရေး အမှိုက်သရိုက်မြောင်းစာများ ဆယ်ယူရှင်းလင်းနေမှုများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် စက်ယန္တရားတို့ဖြင့် တက်ညီလက်ညီ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးတို့အတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀









သတင်း-စာမျက်နှာ ၈





# စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း ပြင်ဦးလွင်မြို့ ညံတောဈေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်နှင့် ဈေးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး





**မန္တလေး ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းသည် တာဝန်ရှိသူများ လိုက်ပါကာ ယနေ့မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့သို့သွားရောက်ကာ မန္တလေး-လားရှိုး လမ်းမကြီးနှင့် မြို့ပတ်လမ်းဆုံ အနီးရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့(ညံတောဈေး)အား အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်ရန်နှင့် ဈေးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးတို့ အတွက် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

မြို့တော်ဝန်နှင့် အဖွဲ့သည် ညံတောဈေးပတ်လည် ရေနုတ်မြောင်းများ၏ အခြေအနေကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ခိုင်က ညံတောဈေးမှ ဂဲလောင်ချောင်းအတွင်းသို့ ရေမြောင်းဖောက်လုပ်မည့် အစီအစဉ်နှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် မြေပြင်အခြေအနေ (Level)အနိမ့်၊ အမြင့်ကွင်းဆင်းတိုင်းတာခြင်း(Survey)လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က လက်ရှိရေနုတ်မြောင်း၏ အနိမ့်၊ အမြင့်(Gradient)အား ရေလမ်းကြောင်းတစ်လျှောက် တိုင်းတာ၊ ပုံထုတ်မှုများရေးဆွဲတင်ပြရန်နှင့် လက်ရှိရေလမ်းကြောင်း(၃ ပေအကျယ်၊ အနက် ၃ ပေ)ဖြင့် ရေထုတ်ပေါက်လုံလောက်မှု ပြန်လည်တွက်ချက်၍ ရေစီးရေလာကောင်းမွန်ရေး (DESIGN)ပြုပြင်သတ်မှတ်ရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများနှင့် တစ်ပြိုင်တည်း တည်ဆောက်ရေး စီစဉ်ဆောင်ရွက်ရန် မှာကြားပြီးနောက် ရေနုတ်မြောင်းများ၏ အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည်။



ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂)ရွှေမြင်တင်ဘုရားသို့ အဝင်လမ်းအား ၂၄ ပေ အကျယ် ၃ လမ်းမထု နိုင်လွန်ကတ္တရာလမ်းခင်းရေးနှင့် လမ်းပခုံးများ(၄)ပေအကျယ် ထည့်သွင်းတည်ဆောက်ရေးအတွက် မြေပြင်အခြေအနေတိုင်းတာခြင်းလုပ်ငန်းအား ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရွှေမြင်တင်ဘုရားအဝင်လမ်းအရှည်ပေ (၁၆၀၀)(၂၄)ပေ အကျယ်အား (၃)လက်မထု နိုင်လွန်ကတ္တရာလမ်းခင်းကျင်းဆောင်ရွက်ရန် လုပ်ငန်းစတင်ဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြကြသည်။

မြို့တော်ဝန်က လမ်းတိုးချဲ့ဖောက်လုပ်ရာတွင် မလွတ်မကင်းဖြစ်နေသည့် လမ်းဘေးဝဲ၊ယာရှိ အပင်များအား စနစ်တကျ ရွှေ့ပြောင်းနေရာချထားပေးရန်၊ ဘေးဝဲ၊ ယာတို့တွင် မြေယာရှုခင်း အလှဒေသမျိုးရင်းရောင်စုံအလှပန်းပင်ငယ်များအပြင် ငုဝါ၊ စိန်ပန်း၊ (နီ၊ ဝါ၊ ပြာ)တို့ကို စနစ်တကျ သတ်မှတ်ချက်အတိုင်း စိုက်ပျိုးပေးရေး၊ လမ်းဆုံနေရာများတွင်လည်း ကွေ့လမ်းအဖြစ် ထည့်သွင်းတည်ဆောက်ပေးရေး အတွက် ပြုပြင်ဆောင်ရွက်ပေးရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မိုင်းရှူး ဇွန် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့၊ အမှတ်(၄)ရပ်ကွက်၊ စဝ်မန်ဖလမ်းတွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် ခန်းမလမ်း ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို တာဝန်ရှိသူများက ဇွန် ၇ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရှူးမြို့နယ်၊ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းထိုက်နှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ပထမ သုံးလပတ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၇၆ သိန်းဖြင့် မိုင်းရှူးမြို့၊ အမှတ်(၄)ရပ်ကွက်ရှိ စဝ်မန်ဖလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၄၁ ဒသမ ၂၀ ဖြင့် ခန်းမလမ်း ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို စစ်ဆေးကြပြီး မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **(ဝဲပုံ)**

မိုင်းရှူးမြို့၊ အမှတ်(၄)ရပ်ကွက်၊ စဝ်မန်ဖလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းသည် လမ်းအရှည်ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ၊ ခန်းမလမ်းကွန်ကရစ်လမ်းခင်းခြင်းသည် လမ်းအရှည် ၂၂၅ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ခုနစ်လက်မ လုပ်ငန်းများကို မိုင်းရှူးမြို့နယ် စည်ပင်သာယာရေးဌာနက ယခုနှစ် မေ ၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါကတ္တရာထပ်ပိုးလွှာလမ်း၊ ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပေးနိုင်မှုကြောင့် ဒေသခံပြည်သူများ ရာသီမရွေး သွားလာအသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ လူနေမှုအဆင့်အတန်းမြင့်မားပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇော်ဦး(မောရှမ်းမြေ)**

## မြဝတီအသင်းက သစ္စာအားမာန်အသင်းအား ၂-၁ ဂိုးဖြင့် အနိုင်ရခဲ့

MNL (U-20) Youth League 2024 အမှတ်ပေးဘောလုံးပြိုင်ပွဲ (Week-2) ပွဲစဉ်တစ်ပွဲအဖြစ် မေ ၈ ရက်(ယနေ့)ညနေက ပဒုမ္မာကွင်းတွင် မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ကစားခဲ့ကြပြီး မြဝတီအသင်းက ၂-၁ ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ပွဲစဉ် ပထမပိုင်း မိနစ် ၄၀ အထိ တစ်သင်းနှင့် တစ်သင်း ဂိုးသွင်းယူနိုင်ခြင်း မရှိခဲ့သော်လည်း ပွဲချိန် ၄၁ မိနစ်နှင့် ၄၃ မိနစ်တို့တွင် မြဝတီအသင်းမှ ဦးဆောင်ဂိုးများ စတင်ရခဲ့သည်။ မြဝတီအသင်းအတွက် ဦးဆောင်ဂိုး နှစ်ဂိုးကို ဖိုးချစ်လုံးနှင့် သော်ဝဏ္ဏဇော်တို့က သွင်းယူပေးခဲ့ပြီး ပထမပိုင်းအပြီးတွင် မြဝတီအသင်းက နှစ်ဂိုး၊ ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်း ပြန်လည်စတင်ရာတွင် သစ္စာအားမာန်အသင်းမှ ချေပဂိုးများ ပြန်လည်ရရှိရန် ကြိုးပမ်းခဲ့ပြီး ပွဲချိန် ၅၉ မိနစ်တွင် ချေပဂိုး တစ်ဂိုးရခဲ့သည်။ သစ္စာအားမာန်အသင်းအတွက် ချေပဂိုးကို စောမင်းခန့်နိုင်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ သစ္စာအားမာန်အသင်းသည် ချေပဂိုး တစ်ဂိုးရရှိအပြီးတွင် မြဝတီအသင်းဘက်သို့ တရစပ်ထိုးဖောက် တိုက်စစ်ဆင်မှုများ ပြုလုပ်ခဲ့ပြီး မြဝတီအသင်း ဂိုးသမားနှင့် နောက်တန်းများ ခုခံကာကွယ်ခဲ့ရသည်။ လက်ကျန်မိနစ်များတွင် သစ္စာအားမာန်အသင်းမှ ချေပဂိုး ထပ်မရခဲ့သည့်အတွက် ပွဲအပြီးတွင် မြဝတီအသင်းက ၂-၁ ဂိုးဖြင့် အနိုင်ရသွားခဲ့သည်။

**(NGB)**



## မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဇွန် ၈**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့မှ ညှိနှိုင်းအစည်းအဝေးကို ဇွန် ၇ ရက် မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံမြို့နယ်၊ ၇၁လမ်းနှင့်၃၁လမ်းထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေး) ဥက္ကဋ္ဌနှင့် သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ခင်မောင်မြင့်၊ ဒုတိယ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာအောင်ကြီး၊ ပါမောက္ခဒေါက်တာအောင်မြင့်၊ အတွင်းရေးမှူး ဒေါက်တာအောင်မင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ မောင်မောင်သန်းနှင့် ဒေါက်တာနွယ်နီ၊ ဘဏ္ဍာရေးမှူး ဒေါက်တာပြုံးပြုံးသန်းနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသော အမှုဆောင်များက မန္တလေးမြို့ရှိ အသက်(၇၀)နှစ်နှင့်အထက် အသင်းဝင်ဆရာဝန်ကြီး ၆၆ ဦးအား ဇွန် ၂၃ ရက် နံနက် ၈ နာရီမှစ၍ သက်ဆိုင်ရာဆေးရုံကြီးများတွင် အထူးကုဆရာဝန်ကြီးများဖြင့် ကျန်းမာရေးစစ်ဆေး၍ ဆေးကုသပေးရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)(ဝ၄၅)**



# နိုင်ငံတကာ အားကစား သတင်းများ

## လီဗာပူးအသင်းက ပေးအပ်သည့် အကောင်းဆုံး ဘောလုံးကစားသမားဆုကို ဆာလာဆွတ်ခူး

**လီဗာပူး ဇွန် ၈**

၂၀၂၃-၂၀၂၄ ဘောလုံးရာသီအတွက် လီဗာပူးအသင်းမှ ပေးအပ်ချီးမြှင့်သည့် တစ်နှစ်တာ အကောင်းဆုံးဘောလုံးကစားသမားဆုကို တိုက်စစ်မှူးဆာလာက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက လီဗာပူးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၄ပွဲ ကစားပြီး ၂၅ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ဆာလာက "ကျွန်တော် အခုလို အသင်းမှ ပေးအပ်သည့်အကောင်းဆုံး ဘောလုံးကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော် အခုလိုဆုရတာကလည်း အသင်းဖော်တွေရဲ့ ပံ့ပိုးမှုကြောင့်ပါ။ လာမည့် ဘောလုံးရာသီမှာလည်း လီဗာပူးအသင်းနှင့်အတူ ဆုဖလားတွေ သိမ်းပိုက်ရယူနိုင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ (ဝဲပုံ)(NGB)





## 2024 French Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Carlos Alcaraz တက်ရောက်

**ပဲရစ် ဇွန် ၈**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပလျက်ရှိသော နာမည်ကျော် အမျိုးသားတင်းနစ်ပြိုင်ပွဲ ဖြစ်သည့် 2024 French Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ စပိန်တင်းနစ်ကစားသမား Carlos Alcaraz တက်ရောက်ခဲ့သည်။

အဆိုပါ စပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2024 French Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အီတလီတင်းနစ်ကစားသမား Jannik Sinner အား ၂-၆၊ ၆-၃၊ ၃-၆၊ ၆-၄၊ ၆-၃ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ (အပေါ်ပုံ)

2024 French Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz နှင့် ဂျာမနီတင်းနစ်ကစားသမား Alexander, Zverev တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)

## ဂျေမီဗာဒီ လက်စတာစီးတီးအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လီဆက်စတာ ဇွန် ၈**

လက်စတာစီးတီးအသင်းသည် အသင်း ဝါရင့်တိုက်စစ်မှူး ဂျေမီဗာဒီအား တစ်နှစ်သက်တမ်းတိုး စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် လက်စတာစီးတီးအသင်းနှင့်အတူ ၂၀၁၂-၂၀၁၃မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၉၄ပွဲ ကစားပြီး ၁၉၀ဂိုး ထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုး စာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၇)နှစ်အရွယ်ရှိ ဂျေမီဗာဒီက "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်" ဟု ပြောသည်။

(အပေါ်ပုံ) (NGB)



## ဘောလုံးသတင်းအတိုအထွာများ

နယူးကာဆယ်အသင်း ကွင်းလယ်ကစားသမား ဂွီမာရေ့စ်က မိမိအနေဖြင့် အသင်းမှထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း အသင်းတွင်သာ ပျော်ရွှင်လျက်ရှိဟု ထုတ်ဖော်ပြောကြားခဲ့သည်။

ဘရာဇီးလ်လက်ရွေးစင်အသင်း တောင်ပံတိုက်စစ်ကစားသမား ဗင်နီစီယပ်စ်က မိမိအနေဖြင့် လက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၄ကိုပါအမေရိကဖလားကြီးအား ရယူသိမ်းပိုက်သွားလိုကြောင်း ပြောကြားခဲ့သည်။ (NGB)

## ဖရန့်ခ်ဲဟေဆီအား နည်းပြသစ်အဖြစ် နိုက်စ်အသင်း ခန့်အပ်

**ပါရီ ဇွန် ၈**

နိုက်စ်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဖရန့်ခ်ဲဟေဆီအား ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် နိုက်စ်အသင်းနှင့်အတူ သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။ နည်းပြ ဖရန့်ခ်ဲဟေဆီသည် လာမည့် ဇူလိုင် ၁ ရက်မှသာ နိုက်စ်အသင်းနှင့် ပူးပေါင်းသွားမည်ဖြစ်သည်။

အသက်(၅၃)နှစ်အရွယ်ရှိ နည်းပြ ဖရန့်ခ်ဲဟေဆီက "အခုလို နိုက်စ်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ နိုက်စ်အသင်း အောင်မြင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

(အောက်ပုံ) (NGB)

၀-၀-၀-၀-၀-၀-၀



## အဒါရာဘိုင်အိုယိုအား ချဲလ်ဆီးအသင်း ခေါ်ယူ

**လန်ဒန် ဇွန် ၈**

ချဲလ်ဆီးအသင်းသည် ဖူလ်ဟမ် အသင်း နောက်ခံကစားသမား အဒါရာဘိုင်အိုယိုအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား အဒါရာဘိုင်အိုယိုသည် ဖူလ်ဟမ်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၂ ပွဲ ကစားပြီး ၅ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ အဒါရာဘိုင်အိုယိုက "ကျွန်တော် ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ပါပြီ။ ချဲလ်ဆီးဟာ ကမ္ဘာ့ကြီးကျယ်ခမ်းနားဆုံး အသင်းတစ်သင်းပါ။ ကျွန်တော်ကို နွေးထွေးစွာ ကြိုဆိုခဲ့တဲ့အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ချဲလ်ဆီးအသင်း အောင်မြင်တိုးတက်ဖို့ ကြိုးစားသွားမှာပါ ဟု ပြောသည်။

(အောက်ပုံ) (NGB)





## ယူရို ၂၀၂၄ ပြိုင်ပွဲအတွက် အပြီးသတ်ကစားသမား ၂၆ဦးစာရင်း အင်္ဂလန်လက်ရွေးစင်အသင်း ထုတ်ပြန်

**မြူးနစ် ဇွန် ၈**

အင်္ဂလန်လက်ရွေးစင်အသင်းသည် ဂျာမနီနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ယူရို ၂၀၂၄ ပြိုင်ပွဲအတွက် အပြီးသတ်ကစားသမား ၂၆ဦး စာရင်းအား ထုတ်ပြန်ကြေညာခဲ့ပြီဖြစ်သည်။

အင်္ဂလန်လက်ရွေးစင်အသင်း အပြီးသတ်ကစားသမား ၂၆ ဦး စာရင်းထုတ်ပြန်ချက်တွင်

ဂိုး - ဒင်းဟင်ဒါဆန်၊ ပစ်ခ်ဖို့ဒ်၊ ရမ့်စ်ဒေး

နောက်တန်း- လီဝစ်ဒန့်ခ်၊ ဂိုးမက်ဇ်၊ ဂူဟီ၊ ကွန်ဆာ၊ လုခ်ရှော၊ ထရစ်ပီယာ၊ ဝေါ်လ်ကာ

ကွင်းလယ် - အာနိုးလ်၊ ကော်နာဂယ်လဟာ၊ မိုင်နူး၊ ဒီကလန်ရိုက်စ်၊ အဒမ်ဝါတန်

တိုက်စစ် - ဘယ်လင်ဟမ်၊ ဘိုဝင်၊ အီဇီ၊ ဖိုဒန်၊ ဂေါ်ဒွန်၊ ဟယ်ရီကိန်း၊ ကိုးလ်ပါးမား၊ ဆာကာ၊ တိုနေး၊ ဝက်ကင်းစ်တို့ ပါဝင်လာကြသည်။

အင်္ဂလန်လက်ရွေးစင်အသင်းသည် ယူရို ၂၀၂၄ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၇ ရက် နံနက် ၁နာရီ ၃၀မိနစ်တွင် ဆားဘီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## ဂျာမနီအသင်းက ဂရိအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် ဇွန် ၈**

နိုင်ငံတကာဘောလုံးခြေစမ်းပွဲစဉ်များအဖြစ် ယနေ့ နံနက်ပိုင်းက ဂျာမနီအသင်းနှင့် ဂရိအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျာမနီအသင်းက ဂရိအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဂျာမနီအသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် ၅၆ မိနစ်တွင် ကိုင်လီဟာဗာ့ဇ်၊ ပွဲချိန် ၈၉ မိနစ်တွင် ဂရော့စ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဂျာမနီအသင်းသည် ယူရို ၂၀၂၄ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၅ ရက်တွင် စကော့တလန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

(အောက်ပုံ) (NGB)



## နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ

နိုင်ငံကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၀-၆-၂၀၂၄ တနင်္လာနေ့ | နံနက် ၀၁:၁၅နာရီ | အီတလီ - ဘော့စနီးယား |
| ॥ | ॥ | ဆလိုဗက်ကီးယား - ဘော့စနီးယား |
| ॥ | ॥ | မွန်တီနီဂရိုး - ဂျော်ဂျီယာ |
| ॥ | နံနက် ၀၄:၃၀ နာရီ | အာဂျင်တီးနား - အီကွေဒေါ |

# မြန်မာ့ပဲစင်းငုံဈေးကွက် စောင့်ကြည့်ဝယ်ယူမှု ပြုလုပ်နေ



မေလအတွင်း ပဲစင်းငုံဈေးနှုန်းများအရ တစ်တန်လျှင် ငွေကျပ် ၄၄ သိန်းအောက်ရှိခဲ့ပြီး မေလအကုန်တွင် ငွေကျပ် ၄၅သိန်း ၅သောင်းထိ ဈေးမြင့်တက်ခဲ့ရာမှ ဇွန် ပထမအပတ်တွင် ငွေကျပ် ၄၄သိန်းနှင့် ၄၄ သိန်း ၅ သောင်းကြား အတက်အကျဖြစ်ပေါ်ခဲ့သည်။ လက်ရှိကာလတွင် ပဲလှောင်လက်သမားများနှင့် ပို့ကုန်သမားများ စောင့်ကြည့်ဝယ်ယူမှု ပြုလုပ်နေတာကြောင့်လည်း ပဲဈေးကွက်နှင့် ပို့ကုန်တင်ပို့မှုအပေါ် သက်ရောက်မှုရှိနေကြောင်း ပဲကုန်သည်များက သုံးသပ်ထားသည်။

လက်ရှိအချိန်တွင် မြန်မာပဲကုန်သည်များအနေဖြင့် ငွေသားထက် ပဲလက်ဝယ်သိုလှောင်ထားရှိမှုများနေကြောင်း ကုန်သည်များထံက သိရသည်။

အဓိက ဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံ ထုတ်ပြန်ချက်အရ ယခုနှစ် ပဲစင်းငုံစိုက်ပျိုးထွက်ရှိမှုသည် ယခင်နှစ်ထက် တန်ချိန် ၀ ဒသမ ၀၈ သန်း တိုးလာပြီး ယခုနှစ်တွင်လည်း ပဲစင်းငုံတိုးချဲ့စိုက်ပျိုးလျက်ရှိသည်။

လာမည့်မိုးရာသီကာလတွင် ပဲစင်းငုံဝယ်လိုအားတက်လာနိုင်သော်လည်း မြန်မာ့ပဲစင်းငုံ ဈေးနှုန်းမြင့်လာခြင်း၊ အာဖရိက၏ ပဲစင်းငုံတင်ပို့မှုနှင့် ယှဉ်ပြိုင်ရခြင်း၊ လက်ရှိတွင် အိန္ဒိယနိုင်ငံ ပဲခွဲစက်များက အာဖရိကမှ တင်သွင်းသော ပဲစင်းငုံကို ပိုမိုဝယ်ယူလျက်ရှိခြင်းတို့ကြောင့် မြန်မာ့ပဲစင်းငုံဈေးကွက်အပေါ် သက်ရောက်မှုရှိလာနိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာန၊ကုန်သွယ်မှုမြှင့်တင်ရေးဌာနမှ ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် ပဲမျိုးစုံစိုက်ဧက ၁၁ သန်းကျော်ရှိပြီး ကုလားပဲ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစင်းငုံတို့ကို အဓိက စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ရွှေမန်း**



# ပင်လယ်ရေကြောင်းမှ ပြည်ပသို့ ဆန်တန်ချိန် တစ်သိန်းကျော် တင်ပို့ရန်စီစဉ်

ပြည်ပနိုင်ငံများသို့ ဆန်များ တင်ပို့လျက်ရှိရာ ယခု ဇွန်လတွင် ပင်လယ်ရေကြောင်းဖြင့် ပြည်ပသို့ ဆန်တန်ချိန် ၁၀၀၀၀၀ ကျော် တင်ပို့ရန် စီစဉ်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။

ပြည်တွင်းရှိ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများမှ တစ်ဆင့် သင်္ဘောရှစ်ဆင်းဖြင့် တင်ပို့ရန် ဆောင်ရွက်နေခြင်း ဖြစ်သည်။

"ပြည်ပကို ဆန်တင်ပို့ရာမှာ ဇွန် ၄ ရက်ကစပြီး ဆန်တန်ချိန် ၁၀၀၀၀၀ ကျော် တင်ပို့ဖို့လုပ်ဆောင်နေပါတယ်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းကနေ ဆန်တန်ချိန် ၁၀၀၀၀ ကျော်နဲ့ ယခင် ဗိုလ်အောင်ကျော်ဆိပ်ကမ်းကနေ ဆန်တန်ချိန် ၁၀၀၀၀ ကျော်၊ ဝီမာ ဆိပ်ကမ်းကနေ ဆန်တန်ချိန် ၉၀၀၀ ကျော် တင်ပို့မှာပါ"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆူးလေဆိပ်ကမ်းမှ ဆန်တန်ချိန် ၉၀၀၀ကျော်၊ အပြည်ပြည်ဆိုင်ရာ ရန်ကုန်ဆိပ်ကမ်းမှ ဆန်တန်ချိန် ၇၄၀၀၀ တင်ပို့ရန် သင်္ဘောလေးစင်း ထပ်မံရောက်ရှိလာမည်ဖြစ်ပြီး ပြီးခဲ့သည့် မေ ၁ရက်မှ၂၄ရက်အထိ သီတင်းသုံးပတ်အတွင်း ပြည်ပသို့ဆန်နှင့် ဆန်ကွဲတန်ချိန် ၁၈၀၀၀၀ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။

ယခုနှစ် ၂၀၂၄-၂၀၂၅ခုနှစ်၊ ဘဏ္ဍာနှစ်အတွင်းက ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် နှစ်သန်း တင်ပို့နိုင်ရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ရည်မှန်းထားသည်ဟု ဆိုသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**



# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အခြေခံသမဝါယမအသင်းသားများနှင့် ပူးပေါင်းစိုက်ပျိုးထားသည့် နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် မြို့နယ်သမဝါယမ ဦးစီးဌာနမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အခြေခံသမဝါယမအသင်းသားများနှင့် ပူးပေါင်းစိုက်ပျိုးထားသော နွေစပါးစိုက်ခြင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးများ စိုက်ပျိုးရာတွင် တောင်ပလူကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းသား ၃၁ဦး၏ လယ်မြေများတွင် ၁၅၂ဧက၊ အရှေ့ရွာ နန်းကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမ အသင်းသား ၁၈ဦး၏ လယ်မြေများတွင် ၈၆ဧက၊ ပုထိုးနီကျေးရွာ စံပြစိုက်ပျိုးရေးနှင့် ထုတ်လုပ်ရေး သမဝါယမအသင်းသား ၃၀ဦး၏ လယ်မြေများတွင် ၁၅၀ဧက၊ ပင်တလည်ကျေးရွာ စိုက်ပျိုးရေးနှင့်အထွေထွေ သမဝါယမအသင်းသား ၄ဦး၏ လယ်မြေများတွင် ၃၀ဧက၊ စုစုပေါင်း တောင်သူအသင်းသား ၈၃ဦး၏ လယ်မြေ ၄၁၈ဧကတွင် စိုက်ပျိုးထားရှိကြောင်း မြို့နယ်သမဝါယမဦးစီးဌာနမှ သိရသည်။

နွေစပါးသီးနှံများစိုက်ပျိုးရာ၌ သမဝါယမ တောင်သူအသင်းသားများ သွင်းအားစု အခက်အခဲမရှိစေရေး မြို့နယ်သမဝါယမဦးစီးဌာနမှ အခြေခံသမဝါယမအသင်းသား တောင်သူများအား နိုင်ငံ့စီးပွား ရန်ပုံငွေဖြင့် စပါးတစ်ဧက စိုက်ပျိုးရန်အတွက် ငွေကျပ် ၂သိန်းနှုန်းနှင့်ညီမျှသော သွင်းအားစုများ ထောက်ပံ့ပေးခဲ့ကြောင်းနှင့် ထွက်ရှိလာသည့် စပါးများ ရောင်းချရာ၌ အလွယ်တကူရောင်းချနိုင်ရေးနှင့် အကျိုးအမြတ်ရရှိရေး ဝယ်ယူကြိတ်ခွဲရေးအဖွဲ့များ ဖွဲ့စည်းထားပြီး သတ်မှတ်ကာလပေါက်ဈေးဖြင့် ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၈၅)**

# အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးသွားမည်

**မန္တလေး ဇွန် ၈**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချမှု အစီအစဉ်ကို နေ့စဉ် နံနက် ၆ နာရီခွဲမှ စတင်ကာ ရောင်းချပေးသွားမည်။

ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

အခြေခံစားသောက်ကုန် သက်သာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးမည့် အစီအစဉ်များကို ဇွန် ၁၀ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ် အရှေ့ရပ်ကွက်၊ အကွက် (၂၅၅)၊ လမ်း၃၀နှင့်လမ်း၉၀ထောင့်တွင် လည်းကောင်း၊ ဇွန် ၁၁ရက်တွင် မဟာအောင်မြေမြို့နယ်၊တက္ကသိုလ်ရပ်ကွက်၊ ၇၃လမ်း၊ လမ်း၄၀နှင့် ၄၁လမ်းကြားတွင် လည်းကောင်း၊ ဇွန် ၁၂ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်(ဘဘ-၁၉)၊ ၄၅လမ်းနှင့် ၁၁၄လမ်းထောင့်တွင် လည်းကောင်း၊ ဇွန် ၁၃ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် (ဆ) ရပ်ကွက်၊ အကွက် (ခခ-၄၇)၊ ၅၄လမ်း၊ ၁၃၁လမ်းနှင့်၁၃၂လမ်းကြားတွင် လည်းကောင်း နေ့စဉ်နံနက် ၆နာရီခွဲမှစ၍ ရောင်းချပေးမည်ဖြစ်ပြီး ဇွန် ၁၄ရက်တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးကြီး၊၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့်၇၂လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်ဖြစ်သည်။



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြု ဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

# နွေနှမ်း ပေါင်ကြီးတင် စိုက်ပျိုးနည်းစနစ် စံပြကွက်နှင့် မျိုးသန့်ခြံ၌ မျိုးစေ့ထုတ် နှမ်းစိုက်ခင်း စိုက်ပျိုးဆောင်ရွက်ထားရှိမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပွင့်ဖြူ ဇွန် ၈**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါ၍ ဇွန် ၄ ရက် နံနက် ၉ နာရီက ပွင့်ဖြူမြို့နယ်အတွင်း နွေနှမ်း ပေါင်ကြီးတင် စိုက်ပျိုးနည်းစနစ် စံပြကွက်စိုက်ခင်း စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုအခြေအနေနှင့် စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ)၌ နွေနှမ်း(FS - RS) ဆင်းရတနာ (၄) မျိုးစေ့ထုတ်စိုက်ခင်း စိုက်ပျိုးဆောင်ရွက်ထားရှိမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဆီထွက်သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားရေးအတွက် လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်း၊ လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်နှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပွင့်ဖြူမြို့နယ်၊ သရက်အုပ်ကျေးရွာ တောင်သူ ဦးတင်မင်း၏ ကွင်းအမှတ်(၉၀၅) စိုက်ပျိုးလယ်မြေတွင် ဆီထွက်သီးနှံ စိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားရေးအတွက် တောင်သူပညာပေး စိုက်ပျိုးဆောင်ရွက်ထားရှိသော နွေနှမ်း ပေါင်ကြီးတင်စိုက်ပျိုးနည်းစနစ် စံပြကွက်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုအား ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများကို တွေ့ဆုံကာ နိုင်ငံတော်အတွက် လိုအပ်သော စားသုံးဆီရိက္ခာ ဖူလုံပိုလျှံစေရေးနှင့် တောင်သူသီးနှံဝင်ငွေတိုးပွားရေးအတွက် မိရိုးဖလာ စိုက်ပျိုးနည်းအစား ပေါင်ကြီးတင်စနစ်ပြောင်းလဲစိုက်ပျိုးကြရန် လိုအပ်ကြောင်း ၊ ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးခြင်းသည် မိုးသည်းထန်စွာ ရွာသွန်းပါက ရေထုတ်နုတ်ရန် လွယ်ကူ၍ မိုးရွာသွန်းမှုနည်းပါသည့်အခါတွင်လည်း ရေသွင်းရန် လွယ်ကူသည့်အပြင် အပင်ပြုစုစောင့်ရှောက်ရန် ကောင်းမွန်မှုတို့ကြောင့် ပန်းတိုင်အထွက်နှုန်းကို သိသိသာသာ တိုးတက်မှုရရှိစေမည်ဖြစ်ကြောင်း၊ ထိုသို့စိုက်ပျိုးရာ၌ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝစိုက်ပျိုးရေး သွင်းအားစုပစ္စည်းများကို ကိုယ်တိုင်ပြုလုပ်သုံးစွဲနိုင်အောင် ကြိုးပမ်းလုပ်ဆောင်ကြဖို့လိုကြောင်း၊ တောင်သူသီးနှံဝင်ငွေ အကျိုးအမြတ် များစွာရရှိနိုင်သော ပေါင်ကြီးတင်စနစ် စိုက်ပျိုးခြင်းကို တောင်သူများတိုးချဲ့စိုက်ပျိုးကြရန်နှင့် လိုအပ်သည် စိုက်ပျိုးရေးဆိုင်ရာများကို သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။



ဆက်လက်၍ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအဖွဲ့သည် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ)သို့ ရောက်ရှိပြီး မျိုးသန့်ခြံ စိုက်ပျိုးလယ်မြေတွင် နွေနှမ်း (FS-RS) ဆင်းရတနာ(၄)မျိုးစေ့ထုတ်စိုက်ခင်း(၁)ဧက စိုက်ပျိုးဆောင်ရွက်ထားရှိမှုအား ကြည့်ရှုစစ်ဆေး၍ မျိုးသန့်ခြံ(တာဝန်ခံ)နှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများကို တွေ့ဆုံကာ ဆီထွက်သီးနှံ နှမ်းစိုက်ပျိုးရာ၌ တစ်ဧက ပန်းတိုင် အထွက်နှုန်းများ ရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန်၊ စိုက်နည်းစနစ်များ မှန်ကန်အောင် စိုက်ပျိုးကြရန်နှင့် သီးနှံလျှာထားဧကများ ပြည့်မီအောင် ကြိုးပမ်းစိုက်ပျိုးကြရန် လမ်းညွှန်မှာကြားပြီး ဒေသခံတောင်သူများ၏ တင်ပြဆွေးနွေးမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

(၄၄၅)



# သမိုင်းဝင် မဟာသကျသီဟဘုရား ဂေါပကအဖွဲ့ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ

**မန္တလေး ဇွန် ၈**

မန္တလေးမြို့၏ သမိုင်းဝင် တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သော ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်ရှိ မဟာသကျသီဟဘုရား ဂေါပကအဖွဲ့သစ် ရွေးချယ်တင်မြှောက်ပွဲကို ဇွန် ၆ ရက် ညနေပိုင်းက အဆိုပါဘုရားဝင်းအတွင်းရှိ ရွှေသာလျောင်းမဏ္ဍပ်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ပြီး ဂေါပကအဖွဲ့ ဩဝါဒါစရိယ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မိုးကောင်းတိုက် သုံးထပ်ကျောင်းဆရာတော် ဘဒ္ဒန္တ ဝိမလ က ဩဝါဒကထာနှင့် ရွေးချယ်ရေးဆိုင်ရာများအား ရှင်းလင်းမိန့်ကြားသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ ဆန္ဒပြုထောက်ခံမှုဖြင့် ဥက္ကဋ္ဌ ဦးညိုဝင်း အပါအဝင် ဂေါပက အဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်ပြီး ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနား ရုပ်သိမ်းသည်။

အဆိုပါ အခမ်းအနားသို့ ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၂) ဦးဇော်ဖေ၊ မြို့နယ်သာသနာရေးမှူး မြို့နယ်လဝကဦးစီးမှူး ဦးဝေလင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဂေါပကအဖွဲ့ဝင်များ တက်ရောက်သည်။

မဟာသကျသီဟရုပ်ပွားတော်မြတ်ကြီးကို ၁၁၈၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက် သောကြာနေ့တွင် အင်းဝမြို့တည် နန်းတည် ဘကြီးတော် စစ်ကိုင်းမင်းနှင့် ရတနာဒေဝီ မိဖုရားခေါင်ကြီးတို့က ပိဿာချိန် (၁၆၁၁၀) ရှိ ပဉ္စလောဟာရုပ်ပွားတော်မြတ်ကြီးအဖြစ် သွန်းလုပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး မူလ အင်းဝမြို့၊ အမရပူရမြို့နှင့် လက်ရှိ ကိန်းဝပ်တည်ရှိရာ မလွန်အရပ် နေရာအထိ ရှေးမင်းအဆက်ဆက်တို့ ပင့်ဆောင်ကိုးကွယ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၀၇၂)

# အသက်(၂)နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေး

**ကျောက်ဆည် ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် အသက်(၂)နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၅ ရက် နံနက် ၁၀ နာရီက မင်းရပ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် ရပ်ကွက်၊ ကျေးရွာများတွင် ဆေးထိုးစုရပ်များခွဲပြီး အပတ်စဉ်နေ့ရက်များသတ်မှတ်၍ ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ကာကွယ်ဆေးများကို သတ်မှတ်ထားသောအကြိမ်နှင့် သတ်မှတ်ထားသော အသက်အရွယ်တွင် ဆေးထိုး၊ ဆေးတိုက်ပေးနိုင်မှသာလျှင် ကလေးငယ်များအတွက် အဆုတ်ရောင်ကာကွယ်ဆေး၊ ငါးမျိုးစပ်၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါတို့မှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

အဆိုပါကာကွယ်ဆေးထိုးနှံခြင်းများကို မြို့နယ်အတွင်းရှိ အသက်(၂)နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးဝန်ထမ်းဆရာမများက အဖွဲ့ခွဲ၍ မြေပြင်ကွင်းဆင်းကာ ရပ်ကွက်၊ ကျေးရွာများရှိ စုရပ်အသီးသီးတွင် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**

**၀-၀-၀-၀-၀-၀**

ရောဂါကင်းစင်
စိတ်လန်းရွှင်
အမြင်လည်းလှ
သန့်ရှင်းကြ ။

# မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဟသ်ာရွာသစ်ကျေးရွာမှ ဘုန်းကြီးနှစ်ပါးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဟသ်ာရွာသစ်ကျေးရွာမှ ဘုန်းကြီးနှစ်ပါးအား ဇွန် ၇ ရက် မွန်းလွဲ ၃ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ မတ္တရာမြို့နယ် ဟသ်ာရွာသစ်ကျေးရွာအနီးသို့ ငွေကြေးခြိမ်းခြောက်တောင်းခံခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများ လုပ်ဆောင်ရန် PDF အမည်ခံအကြမ်းဖက်သမားများ ရောက်ရှိနေပြီး ကျေးရွာသားအချို့ ထွက်ပြေးတိမ်းရှောင်နေရကြောင်း အကြမ်းဖက်လုပ်ရပ်များကို လက်ခံခြင်းမရှိသည့် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများက ကျေးရွာရှိလူနေအဆောက်အအုံများကို အကာအကွယ်ယူ၍ စတင်ပစ်ခတ်ခဲ့ကြောင်း၊ နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ကျေးရွာအတွင်းမှ ထွက်ပြေးသွားခဲ့ကြောင်း၊ ကျေးရွာဘုန်းကြီးကျောင်းတွင် ဘုန်းကြီးများမရှိဘဲ ခေတ္တတိမ်းရှောင်လျက်ရှိကြောင်းနှင့် ကျောင်းစောင့်အဘိုးအဘွားနှစ်ဦးသာ တွေ့ရှိရကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။




တရားမဝင် ပြည်ဖျက်မီဒီယာများသည် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် အခြေခံ၍ သတင်းတု၊ သတင်းအမှားများဖြင့် ရည်ရွယ်ချက်ရှိရှိ ဝါဒဖြန့်ဝေလျက်ရှိရာ ယခုဖြစ်စဉ်မှာလည်း ပြည်သူအများ စိတ်အေးချမ်းသာစွာနေထိုင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး ဆောင်ရွက်ပေးမှုအပေါ် အများပြည်သူ အထင်အမြင်လွဲမှားစေရန်နှင့် စိုးရိမ်ထိတ်လန့်စေရန်အတွက် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြန်လှည့်ကြည့်ဖြစ်တဲ့ သက္ကရာဇ်များ (၇၃)

၁၉၈၉ ခုနှစ်သည် ကျွန်တော့်ဘဝအတွက် ကဗျာများ အများဆုံးရေးဖွဲ့နိုင်ခဲ့သည့်နှစ်ဟု ဆိုရပေမည်။ ၁၉၈၈ ခုနှစ်မတိုင်ခင် ၁၉၈၀ မှ ထွက်ခဲ့သော မဂ္ဂဇင်းများအပြင် ၁၉၈၉ ခုနှစ်တွင် မဂ္ဂဇင်းများအပြောင်းအလဲနှင့်အတူ မဂ္ဂဇင်းအသစ်များလည်း ထွက်ရှိလာသည်။ ဟန်သစ်မဂ္ဂဇင်း၊ သာရမဂ္ဂဇင်း၊ စာပေဂျာနယ် အစရှိသဖြင့် စာအုပ်တွေ မြိုင်မြိုင်ဆိုင်ဆိုင် ထွက်ရှိလာသည်။

ယင်းမဂ္ဂဇင်းများသည် လစဉ်ထုတ်မဟုတ်ဘဲ နှစ်လတစ်ကြိမ်၊ သုံးလတစ်ကြိမ် အမှတ်စဉ်ဖြင့် ထုတ်ဝေလာကြသည်ကိုလည်း သတိထားမိသည်။ ကျွန်တော့်အနေဖြင့် ကဗျာကို ခံစားရေးဖွဲ့ပြီး ကဗျာကို မွေ့လျော်သည့်အတွက် ကဗျာပါရှိသည့် မဂ္ဂဇင်းများကိုသာ စိတ်ဝင်တစား ရှာဖွေဖတ်ရှုကြည့်ဖြစ်သည်။

ဟန်သစ်မဂ္ဂဇင်းမှာ ယခင်မဟေသီမဂ္ဂဇင်းတွင် အယ်ဒီတာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့ဖူးသော ဆရာတင်ကိုအောင်က မဟေသီမဂ္ဂဇင်းမှာ ပါဝင်ခြင်းမရှိတော့ဘဲ ဟန်သစ်မဂ္ဂဇင်းကို ဦးဆောင်ထုတ်ဝေခြင်းဖြစ်သည်။ ပေါ့အနုပညာနှင့်ခေတ်ပေါ် မော်ဒန်ကို ဦးစားပေးဖော်ပြသည်။ ကဗျာများလည်း ပါသည်။ ကိုတင်ကိုအောင်က သူငယ်ချင်းနေမျိုး၏ ဝတ္ထုများကို သဘောကျ၍ မကြာခဏ ဖော်ပြပေးသည်။ ကျွန်တော်လည်း ဟန်သစ်မဂ္ဂဇင်းကို ကဗျာပို့ဖြစ်သည်။ ကဗျာဖော်ပြခြင်းခံရသည်။

သာရမဂ္ဂဇင်းမှာ စကားပြေဝတ္ထုများကိုသာ ဦးစားပေးဖော်ပြသည်။ ဆရာမောင်သာရကိုယ်တိုင် ကြီးကြပ်ထုတ်ဝေသည်။ ဆရာမောင်သာရ မန္တလေးကို မကြာခဏလာတတ်ပြီး မန္တလေးတွင် သူနှင့်ဆုံဖူးသည်။ အထူးသဖြင့် ပန်းသခင်လက်ဖက်ရည်ဆိုင်ပိုင်ရှင်ကိုမောင်မောင်နှင့်သိကာ ကျွန်တော်နှင့် အောင်ဂျမ်းက ပန်းသခင်လက်ဖက်ရည်ဆိုင် ထိုင်နေကျဖြစ်၍ ဆရာမောင်သာရနှင့် သိကျွမ်းခင်မင်ခဲ့ရသည်။

ဆရာမောင်သာရ၏ သာရမဂ္ဂဇင်းကို ကျွန်တော် သိပ်စိတ်မဝင်စားပါ။ ဝတ္ထုများသာ ဦးစားပေးဖော်ပြသောကြောင့် ဖြစ်သည်။ ကဗျာမပါ၍ ကဗျာပါသော မဂ္ဂဇင်းဂျာနယ်များကိုသာ စိတ်ဝင်စားသည်။

သို့သော် ရန်ကုန်သို့ ကျွန်တော်ရောက်သောအခါ ဆရာမောင်သာရ ရှိတတ်သောနေရာ မဂ္ဂဇင်းတိုက်(သို့မဟုတ်)လက်ဖက်ရည်ဆိုင်များသို့ မဖြစ်မနေ ရောက်ဖြစ်သည်။ အကြောင်းမှာ မန္တလေးမှ ကျွန်တော့်မိတ်ဆွေများဖြစ်သော ဒေါက်တာနည်ဝင်း(ကြည်ဇော်ဝင်း)၊ ကိုခင်ဇော်(ကာတွန်းလေရူး) တို့က သူတို့ရေးထားသော ဝတ္ထုစာမူများကို သာရမဂ္ဂဇင်းတိုက်ပို့ပေးဖို့ အကူအညီတောင်းကြသောကြောင့် ဖြစ်သည်။

ထိုစဉ်က ဆရာမောင်သာရ၏ စာမူရွေး၊ ပယ် ကိစ္စကို တစ်ခါတည်းဖတ်ပြီး အဖြေပေးခဲ့သည်ကိုလည်း ကောင်းကောင်းကြီး မှတ်မိနေသည်။

သာရမဂ္ဂဇင်းတွင် ဒေါက်တာမောင်မောင်အေး(ပြေ-ဆေး ၂)လည်း ပါဝင်ဆောင်ရွက်နေသည်ဟု သိရသဖြင့် ဆရာပြေ(ဆေး-၂)၏ ဆိုင်ကယ်လေးဖြင့် ဆရာမောင်သာရဆီသို့ ရောက်ရှိပြီး ကိုနည်ဝင်းနှင့် ကိုခင်ဇော်တို့၏ ဝတ္ထုစာမူနှစ်ပုဒ်ကို ပေးပို့ဖြစ်သည်။

ဆရာမောင်သာရက ထိုဝတ္ထုစာမူ နှစ်ပုဒ်လုံးကို ကျွန်တော့်ရှေ့တွင် ချက်ချင်းဖွင့်ဖောက်ဖတ်ပြီး ရွေး၊ ပယ်ကိစ္စကို တစ်ခါတည်း အပြတ်ပြောသည်။

"ဟေ့ သွယ်အောင် မင်းယူလာတဲ့ ဝတ္ထုနှစ်ပုဒ်မှာ ဒီဝတ္ထု ငါကြိုက်တယ်၊ "ဝင်း"ဆေးကုခန်းနှင့် မီးသွေးရောင်းရန်ရှိသည်" ရေးတဲ့ ကြည်ဇော်ဝင်းဝတ္ထုပဲ"

"ဟုတ် ဆရာ"

"အေး အဲဒီဝတ္ထုရေးတဲ့ ကြည်ဇော်ဝင်းကို ပြောလိုက်၊ အဲဒီဝတ္ထုနောက်လထုတ် ငါ့မဂ္ဂဇင်းမှာ ဖော်ပြပေးမယ်လို့"

"ဟုတ် ဆရာ ပြောလိုက်ပါမယ်"

"အဲ ဒီတစ်ပုဒ်ကတော့ ပြန်ပြင်ရေးဖို့လိုမယ်၊ အကြောင်းအရာကတော့ မဆိုးပါဘူး၊ ဆိုးတာက သူ့ကလောင်အမည် ငါလုံးဝမကြိုက်ဘူး၊ "လေရူး" ကလောင်နဲ့ရေးလို့ကတော့ သိပ်မနိပ်ဘူး၊ သူ့ကို ကလောင်အမည်ပြောင်းခိုင်းပါ။ သူ့စာမူအောက်ဆုံးမှာ ငါမှတ်ချက်ရေးပေးလိုက်မယ်၊ ကလောင်နာမည်ကောင်းကောင်းရွေးပြီးရင် ဝတ္ထုသစ်တွေ ငါ့ဆီထပ်ပို့လို့ သူ့ကို ပြောလိုက်ပါ"

ဆရာမောင်သာရ၏ စာမူရွေး၊ ပယ် ချက်ချင်းဆောင်ရွက်ပေးသည်မှာ အံ့သြလေးစားရပါသည်။ သို့ကြောင့်လည်း "မောင်သာရ" ဟု နာမည်တစ်လုံးဖြင့် ထင်ရှားကျော်ကြားနေခြင်း ဖြစ်ပေမည်။

စာပေဂျာနယ်မှာ အားမာန်သစ်စာပေမှ ထွက်ရှိသော စာအုပ်ဖြစ်သည်။ ဂျာနယ်ဟု ဆိုသော်လည်း စာအုပ်ဆိုဒ်မှာ သတင်းစာများလို ပါးပါးလေးမဟုတ်၊ လစဉ်ထုတ်မဂ္ဂဇင်းများကဲ့သို့ ထူထူထဲထဲနှင့် မဂ္ဂဇင်းဆိုဒ်ကြီးအတိုင်း ဖြစ်သည်။

အယ်ဒီတာအဖွဲ့မှာ ဖေမြင့်၊ ခွန်ဂျာမိုင်း၊ မောင်သွေးသစ်တို့ ဖြစ်သည်။ အမှတ်စဉ်နှင့်ထုတ်ဝေသော စာအုပ်ဖြစ်သည်။ ကဗျာများ ဖော်ပြပါရှိသည်။ စာပေ အနုပညာဆောင်းပါးများနှင့် စာရေးဆရာတို့၏ ဓာတ်ပုံများနှင့် သေသေသပ်သပ် ခံ့ခံ့ထည်ထည် ဖော်ပြသည်။ အထူးသဖြင့် ကဗျာ၊ ပန်းချီ၊ စာပေဆိုင်ရာ ဆောင်းပါးများကို ဦးစားပေး ဖော်ပြသည်။

စာပေဂျာနယ်၏ ထူးခြားချက်မှာ "ဝတ္ထု" စာမူ လုံးဝမပါရှိပါ။ ဝတ္ထုအတွက် ရင်ခုန်မှင့် ဝတ္ထုမဂ္ဂဇင်းဆိုပြီး မဂ္ဂဇင်းစာအုပ်သီးသန့် ထုတ်သည်။ စာပေဂျာနယ်မှာ ကဗျာပါရှိသောကြောင့် ယင်းဂျာနယ်ကို မဖြစ်မနေ ဆောင့်ဖတ်သည်။ ထွက်သမျှ စာပေဂျာနယ်၊ စာအုပ် တော်တော်များများကိုလည်း အပိုင်ဝယ်သိမ်းဖြစ်သည်။

စာအုပ်အပြင်အဆင်မှာ ထူးခြားဆန်းသစ်နေသည်။ အထူးသဖြင့် မျက်နှာဖုံးတွင် မင်းသား၊ မင်းသမီး(လူပုံ)လုံးဝမသုံးဘဲ ပန်းချီသရုပ်ဖော်ပန်းချီကားများဖြင့် ထုတ်ဝေသည်။ ပန်းချီဆရာ စံတိုး၏ လက်ရာမွန်များ ဖြစ်သည်။

ကဗျာများဖော်ပြပေးသောကြောင့် ကျွန်တော်လည်း ကဗျာပို့ဖြစ်သည်။ ကဗျာရွေးချယ် စာရင်းဖော်ပြပေးသောကြောင့် ပို့ထားသည့် ကဗျာ ရွေး၊ မရွေး ချက်ချင်းသိရသည်။ ထို့ကြောင့် အယ်ဒီတာအဖွဲ့ကို ကျေးဇူးတင်ရသည်။

စာပေဂျာနယ် အမှတ်(၇)တွင် ကျွန်တော့် ကဗျာရွေးစာရင်းတွင် ဖော်ပြပါရှိခဲ့သည်။ ဖော်ပြပေးပုံမှာ စာမျက်နှာတစ်မျက်နှာတွင် သီးသန့်ဖြစ်သည်။ ခေါင်းသုံးကြောင်းပေး၍ ဖော်ပြသည်။ ကဗျာဆရာ ကလောင်နှင့် ကဗျာခေါင်းစဉ်ယှဉ်ပြီး အမှတ်စဉ်ထိုးဖော်ပြသည်။ ခေါင်းသုံးကြောင်းမှာ-


**စာပေဂျာနယ်မှ**

**ကဗျာဆရာများသို့**

**လေးစားစွာ အကြောင်းကြားအပ်ပါသည်။**

ဟု ဖော်ပြကာ ထိုခေါင်းသုံးကြောင်း အောက်တွင် (၅၊ ၉၊ ၈၉) ရက်အထိ ရောက်ရှိလာသော ကဗျာများစွာအနက်မှ အောက်ဖော်ပြပါ ကဗျာဆရာများ၏ ကဗျာများကို အလျဉ်းသင့်သလို ဖော်ပြသွားမည်ဖြစ်ပါကြောင်း..... ဟု ဖော်ပြသည်။

၁။ မောင်သစ်ကြည်..... သံချောင်းခေါက်သံထဲက ပွဲတင်သံတွေ
၂။ မောင်သင်းဝေ..... တစ်နဲ့နှစ်
၃။ မောင်ကြည်သာ(တောင်တွင်း)..... နေထိုင်ခြင်းများ
၄။ မောင်ကြည်သာ(တောင်တွင်း)..... အရည်အချင်း
၅။ သွယ်အောင်..... မွေးနေ့အလွမ်း
၆။ အောင်ဘညို..... ညှော်ကြောက်သူများ
၇။ မြေဝသုန်..... မာန်လှိုင်း
၈။ နိုင်ထက်အေး..... တော
၉။ ထွန်းအောင်ကျော်(ချောက်)..... မြွေပြီးလက်ဖွဲ့
၁၀။ ကိုပေသန်းလွင်..... ဆူးချိုးတဲ့ ဖက်
၁၁။ ပြည်ဟိန်းအောင်..... ကြံနတ်သမားရဲ့အလွမ်းဖွဲ့ကဗျာ
၁၂။ မြေလတ်မောင်မြင့်သူ.....လျှပ်တပြက်စစ်တမ်း
၁၃။ မောင်စံဗြော..... ကျမ်းညီစရိုက်
၁၄။ မိုးသုသျှင်..... ကုဋ္ဌနူနာကလောင်သစ်
၁၅။ နီအောင်ကျော်..... ခွေးမဟုတ်ကြောင်မဟုတ်
၁၆။ ရဲရင့်ဝေ..... အဲဒီကောင်
၁၇။ ဆွေဦးမြင့်..... မိုးခေါင်သူများ
၁၈။ မောင်သဲခေါင်..... ကဗျာဆရာကျဆုံးခန်း
၁၉။ စိုးထိုက်..... အပိုအလိုကိစ္စ
၂၀။ မင်းချမ်းမွန်..... ဇီတာမင်ဝတ္ထု



၂၁။ မောင်သဲဦး(အင်းဝ)..... အခန်းဆက်ဝတ္ထု
၂၂။ မောင်သဲဦး(အင်းဝ)..... အိုးတုတ္တွန်းကုတိုပန်းချီကား
၂၃။ နိုင်မွန်..... အနာဂတ်ကိုစိုက်ပျိုးခြင်း
၂၄။ မောင်ဖူးဝေ(ထီလာ)..... ရေတံလျှောက်
၂၅။ မောင်ရွှေငယ်(သရက်)...အကာန်းကြည့်ခန္ဓာဗေဒ
၂၆။ မင်းမြင့်ဇင်..... ကြင်ဖော်မှာ ကြင်ဖော်ဘက်ကယ်နှင့်
၂၇။ တိုးဝေ..... မိချောင်းသိုက်ရှာနေ
၂၈။ ချစ်တိုးနွယ်(ပုသိမ်)..... ရေနစ်ဝါး

**(အယ်ဒီတာအဖွဲ့)**

စာပေဂျာနယ် အယ်ဒီတာအဖွဲ့တွင် ကဗျာဆရာ မောင်သွေးသစ်ပါသဖြင့် ကဗျာများကို ဦးစားပေးဖော်ပြပေးခြင်းဖြစ်သည်။ မျက်နှာဖုံးကျောကပ်တွင် ပုံနှိပ်မှတ်တမ်းနှင့်မာတိကာပါရှိပြီး နောက်စာမျက်နှာမှစ၍ ကဗျာများကို သရုပ်ဖော်ပန်းချီဖြင့် ခမ်းခမ်းနားနား ဖော်ပြတင်ဆက်သည်။

အနယ်နယ်အရပ်ရပ်မှ ပေးပို့သော ကဗျာဆရာများ၏ ကဗျာများကို အလေးထား၍ အယ်ဒီတာကြိုက်နှစ်သက်သော ကဗျာများကို လေးစားစွာဖြင့် အကြောင်းကြား ရွေးစာရင်းဖော်ပြပေးသည့်အတွက် တစ်နိုင်ငံလုံး၏ ကဗျာဆရာက စာပေဂျာနယ်ကို အထူးအာရုံစိုက် ဖတ်ရှုကြသည်။

ထိုစဉ်က ထုတ်ဝေသော မဂ္ဂဇင်းများတွင် ရုပ်ရှင်မင်းသား၊ ရုပ်ရှင်မင်းသမီး၊ အဆိုတော်မော်ဒယ်လ်တို့၏ အကြောင်းအရာများကိုသာ ဖော်ပြကြပြီး စာပေဂျာနယ်မှာ ယင်းအကြောင်းအရာများ မပါရှိဘဲ စာပေအနုပညာသန့်သန့်ဖြင့် အထူးအောင်မြင်သော စာအုပ်အဖြစ် ကမ္ပည်းမှတ်တမ်းထိုးနိုင်ခဲ့ပါသည်။

**သွယ်အောင်**






## ဆင္ဃမူအင္ဃကထာကျမ်းစာအုပ်များ စာမူကြမ်း ဖတ်ရှုစစ်ဆေးပေး

**မန္တလေး ဇွန် ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက စီစဉ်ထုတ်ဝေရန်ဆောင်ရွက်လျက်ရှိသော ဆင္ဃမူအင္ဃကထာ ကျမ်းစာအုပ်(၅၁)အုပ်ကိုခဲစာလုံးမူမှ ကွန်ပျူတာမူသို့ဆောင်ရွက်ရာတွင် ၁၉၇၀ ခုနှစ် နောက်ပိုင်းထုတ် ခဲစာလုံးမူကို မဏ္ဍိုင်ထား၍ အမှား၊ အကျ၊ အပြောက်မရှိစေရေးအတွက် ကွန်ပျူတာ မူကြမ်းများကို ဇွန် ၇ ရက်မှစတင်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ သင်ကြားစီမံဆရာတော်များ၊ သာသနတက္ကသီလမဟာစရိယတန်းမှ တတိယနှစ်သင်တန်းသားသံဃာတော်များက စာမူကြမ်းဖတ်ရှုစစ်ဆေးခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ) (ဝ၄၅)

## မေတ္တာစမ်းရေ မဂ္ဂဇင်း ထုတ်ဝေဖြန့်ချိ



**မန္တလေး ဇွန် ၈**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ မေတ္တာစမ်းရေမဂ္ဂဇင်း အမှတ်(၂၀)၊ ၂၀၂၄ ခုနှစ် ထွက်ရှိလာသည်။ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၏ ဥယျောဇဉ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ စန်းစန်းမြင့်အောင်၏ ဥယျောဇဉ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ တိုင်းနှင့်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများနှင့်အတူ ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ ဝတ္ထုများဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

ကဗျာကဏ္ဍတွင် မြင်းမူ မောင်နိုင်မိုး၊ မောင်စိမ်းနောင်(လယ်ဝေး)၊ ဇော်မင်းမင်းဦး၊ ရေနံ့သာ မောင်ကျော်ညွန့်၊ ဘုန်းမောင်ဝင်း(ဖျာပုံ)၊ စလင်းသန်းတင်(ငဖဲ)၊ ခင်မြတ်နွယ်(ပခုက္ကူ)၊ ရွှေပန်းချီ၊ အောင်တင်ဝင်း(ငါ့သရောက်)၊ ရွှေကျေး(မြစ်ငယ်)၊ စောချိုသာ၊ မိုး(သရက်)၊ မာမာကြည်(ကမာမြေ)၊ ကိုမျိုး(သရက်)၊ တင်တင်ဆွေမာ(မိုးညှင်း)၊ ဆုမြတ်(ပခုက္ကူ တက္ကသိုလ်)၊ ဆန်းမြင့်၊ မောင်စေတနာ(ကျောက်မဲ)၊ သွယ်အောင်၊ ထွန်းကြည်(AGB)တို့၏ ကဗျာများပါရှိသည်။

ဆောင်းပါးကဏ္ဍတွင် မောင်ခင်မင်(ဓနုဖြူ)၊ချစ်နိုင်(စိတ်ပညာ)၊ ရွှေလှဲ၊ ဒေါက်တာစုလေး၊ ဥမ္မာတင်(ဒဂုံတောင်)၊ နှင်းညချမ်း၊ ပါမောက္ခဒေါက်တာကေသီထွန်း၊ ညွှန့်ဟံ(ကြူတော)၊ ဒေါက်တာဦးသန်းထွဋ်(ရွှေဘို)၊မင်းတင်သိန်း၊ အေးသီရိကျော်(မန်းတက္ကသိုလ်)၊ ခင်ခင်ရီ(ရွှေတိုက်)၊ နိုင်ဇော်၊ ဒေါက်တာမြင့်သန်းထွန်း၊ ရှိန်းမြသင်း၊ မြင့်မြင့်ထွေး(ကောလင်း)၊ ဒေါက်တာနိုက်တင်ဂေးလ်၊ ကိုကိုညိမ်း(ကောလင်း)၊ မြန်ဂုဏ်ဆောင်၊ အေးပပစိုး၊ ဆောင်းနှင်းကြယ်စင်(မန်းတက္ကသိုလ်)၊ ဖွားပိုင်း၊ ကိုတေဇ(သာခိုတောင်)တို့၏ ဆောင်းပါးများ ပါရှိသည်။

ဝတ္ထုကဏ္ဍတွင် လယ်တွင်းသားစောချစ်၊ မောင်ရင့်မာ(ကျောင်းကွန်း)၊ မစန္ဒာ၊ မနှင်းဖွေး၊ ခိုင်နန်းစံ၊ ထိပ်ထား(ဝန်းသို)၊ လက်ာရည်ကျော်၊ ဂျူး၊ ဒေါက်တာစိုးလွင်၊ မောင်နန်းဝေ၊ တက္ကသိုလ်မလေးခိုင်၊ စောငယ်ငယ်(မိုးညှင်း)၊ ညိမ်မွန်၊ ကြူကြူသင်း၊ ချမ်းမြေ့မိုး(မန္တလေး)၊ ရှင်းသန့်ချိုတို့၏ ဝတ္ထုများ ပါရှိသည်။

ကာတွန်းကဏ္ဍတွင် သစ်ထွဏ်း၊ ရွှေမင်းသား၊ ဆန်းလင်း၊ မင်းဦး(ဒဿန)၊ မောင်ပုည၊ ဂိဂိ၊ စွာစော်ကဲ၊ သားဦးတို့ကာတွန်းများနှင့် ပန်းချီဆရာ ကျိုက်လတ်ဘသဏ်း၊ စိုးစံ၊ မောင်ရွှေတို့ သရုပ်ဖော်လက်ရာများနှင့် စာမျက်နှာ ၂၄၀ ကျော်ရှိ မဂ္ဂဇင်းဆိုဒ်ကြီးအဖြစ် အရောင်အသွေးစုံလင်စွာ ထွက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(PNT)




## ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ ကျင်းပ

**ရေနံချောင်း ဇွန် ၈**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့ ရွာသစ်ရပ်ကွက်၊ နဂါးကုန်းရပ်ရှိ ဘောဂဝတီကျောင်း၌ ယဉ်ကျေးလိမ္မာသင်တန်း ဆုပေးပွဲအခမ်းအနားကိုယမန်နေ့ နံနက်၈ နာရီတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ တောင်ဘီလာကျောင်းဆရာတော်ဦးပညာဝံသက ယဉ်ကျေးလိမ္မာသင်တန်းရှိ ကျောင်းသား၊ ကျောင်းသူများအား ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုမိန့်ကြားပြီး ရပ်မိရပ်ဖဦးစိုးထွန်းက သင်တန်းကို အောင်မြင်ပြီးဆုံးအောင် သင်ကြားပေးသည့်ဆရာ၊ ဆရာမများကို ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ယဉ်ကျေးလိမ္မာသင်တန်း ဆုရကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ခြင်း၊ ဆရာ၊ ဆရာမများအား ဂုဏ်ပြုလက်မှတ်များအား ပေးအပ်ခြင်းကို ဆောင်ရွက်သည်။

အဆိုပါ သင်တန်းကာလမှာ နွေရာသီကျောင်းပိတ်ရက်မှစတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၅၀ ဦး တက်ရောက်ကြောင်း နဂါးကုန်းရပ်နေ ဦးဘိုနီထံက သိရသည်။

(အောက်ပုံ) (၄၇၂)



ဖတ်စရာ၊ မှတ်စရာ စုံလင်

## မြန်မာ့အလှ

* လုံမငယ်လေး ချစ်စဖွယ်
ဆံပင်ရှည်နွယ်နွယ် ။
* တစ်ကုံးခရေ ဝါနုသွေး
ဆံကေထက်မှာ မွှေး ။
* သနပ်ခါးနဲ့ ပန်းခရေ
ရနံ့ပြိုင်လို့ သင်းပျံ့နေ ။
* ရင်အေးဖွယ်ရာ မြန်မာ့အလှ
ကြည့်မဝ ရှုမဝ ယဉ်ကျေးစွ ။
* နက်မှောင်ရှည်လျား ဆံနွယ်များ
ကမ္ဘာတစ်လွှား ပြိုင်စံရား ။
* လှအားနိုင်ပေ့ ရိုးရာအမွေ
လုံမငယ်လေး ထိမ်းကာနေ ။
* ဆံနွယ်ရှည်ရှည် ပိတုံးရောင်က
မဟာဆန်တဲ့ မြန်မာ့အလှ ။ ။

ခင်ဆွေလှိုင်(ပန်းချီ)

## ကျေးရွာစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နောင်ချို ဇွန် ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ကျေးရွာစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယမန်နေ့ နံနက်ပိုင်းက နောင်တောကျေးရွာသို့ ကွင်းဆင်းခဲ့သည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် နောင်ချိုမြို့နယ် ပညာရေးမှူး ဒေါ်အေးအေးသင်းက ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းထွေးက စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပက်သက်ပြီး ရှေ့ဆက်ဆောင်ရွက်ကြမည့် လုပ်ငန်းများအား ဆွေးနွေးညှိနှိုင်းခဲ့သည်။



ထို့နောက် နောင်တောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်နှင့် ရပ်မိရပ်ဖများက နောင်တောကျေးရွာစာကြည့်တိုက်အား ပြန်လည်ရှင်သန်အောင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလှူရှင်များကိုလည်း စည်းရုံး၍ စာအုပ်စာစောင်များ တိုးပွားရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)




## အပြည်ပြည်ဆိုင်ရာပိတ်ဆို့မှုများ ခံနေရသော်လည်း ရုရှားစီးပွားရေးတိုးတက်ဆဲဟု သမ္မတပူတင် ပြောကြား

**မော်စကို ဇွန် ၈**

အပြည်ပြည်ဆိုင်ရာပိတ်ဆို့မှုများခံနေရသော်လည်း မိမိတို့၏အမျိုးသားစီးပွားရေးတိုးတက်ဆဲဖြစ်သည်ဟု ဇွန် ၇ ရက်က ရုရှားသမ္မတ ဗလာဒီမာပူတင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စိန့်ပီတာစဘတ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်သို့ တက်ရောက်စဉ် ၎င်းက ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။




ရုရှားနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးပိတ်ဆို့မှုဒဏ်ကို ပြင်းထန်စွာခံစားနေရသော်လည်း တစ်ဖက်တွင် အာဖရိက၊ အရှေ့အလယ်ပိုင်းနှင့် အာရှဒေသတို့၌ စီးပွားရေး၊ ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ကာ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ခဲ့ရကြောင်း ၎င်းက ရှင်းပြသည်။

ရုရှားကို စီးပွားရေး၊ ကုန်သွယ်ရေးပိတ်ဆို့ထားသော နိုင်ငံများမှာ အနောက်ဥရောပ၊ အမေရိကန်ပြည်ထောင်စုနှင့် ၎င်းတို့၏ မဟာမိတ်များဖြစ်သည်။

နေတိုးစစ်အုပ်စုဝင်များဖြစ်သော ထိုနိုင်ငံများက မိမိတို့အချုပ်အခြာကို ထိပါးလာလျှင် နျူကလီးယားလက်နက်ထုတ်သုံးရလိမ့်မည်ဟု သမ္မတ ဗလာဒီမာပူတင်က ထပ်လောင်း သတိပေးခဲ့ကြောင်း သိရသည်။

**Mon**

## ဂျပန်နိုင်ငံ၏ ကလေးမွေးဖွားသည့်ပမာဏ ၂၀၂၃ ခုနှစ်က ၇၂၇၂၇၇ ဦးသာရှိခဲ့သည်ဟု ဆို



**တိုကျို ဇွန် ၈**

လူဦးရေ ၁၂၃ ဒသမ ၉ သန်းရှိသော ဂျပန်နိုင်ငံ၏ ကလေးမွေးဖွားသည့် ပမာဏသည် ၂၀၂၃ ခုနှစ်က ၇၂၇၂၇၇ ဦးသာရှိခဲ့ပြီး မွေးဖွားနှုန်း စံချိန်တင်လျော့ကျခဲ့သည်ဟု အစိုးရကျန်းမာရေး၊ အလုပ်သမားရေးဝန်ကြီးဌာနက အတည်ပြုကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

၂၀၂၂ ခုနှစ်တွင် ကလေးမီးဖွားနှုန်း ၁ ဒသမ ၂၆ ရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် ၁ ဒသမ ၆ သို့ လျော့ကျလာခြင်းဖြစ်သည်။

အဆိုပါဝန်ကြီးဌာန၏ အတည်ပြုချက်အရ ယမန်နှစ် သေဆုံးသော လူဦးရေ ၁ ဒသမ ၅၇ သန်းရှိခဲ့ရာ မွေးလာသော ကလေးပမာဏထက် နှစ်ဆကျော် ပိုများနေလေသည်။

လင်မယားကွာရှင်းမှုများ မြင့်တက်လာသည့် အခြေအနေတွင် ထိမ်းမြားလက်ထပ်မှုပမာဏသည် တစ်နှစ်လုံး၌ ၃၀၀၀၀ သာရှိခဲ့သည်ကိုလည်း တွေ့ရသည်။

လက်ရှိ လူဦးရေပမာဏအရ ဂျပန်နိုင်ငံတွင် ကလေးမွေးဖွားနှုန်းသည် ၂ ဒသမ ၁ ရှိရန် လိုအပ်ကြောင်း သိရသည်။

**Mon**

## ဒိန်းမတ်ဝန်ကြီးချုပ် မက်တေဖရက်ဒရစ်ဆင် ကိုပင်ဟေဂင် မြို့လယ်တွင် ရန်ပြုခြင်းခံရ



**ကိုပင်ဟေဂင် ဇွန် ၈**

အသက် ၄၆ နှစ်အရွယ် ဒိန်းမတ်ဝန်ကြီးချုပ် မက်တေဖရက်ဒရစ်ဆင် ဇွန် ၇ ရက် ညနေပိုင်းက ကိုပင်ဟေဂင်မြို့လယ်တွင် ရန်ပြုခြင်းခံရကြောင်း အယ်လ်ဂျာဇီးရားသတင်းဌာနက ဖော်ပြသည်။

ထိုမြို့လယ်ရှိ ကူလ်တော်ဗက်ရင်ပြင်၌ လမ်းလျှောက်ရင်း မဲဆွယ်စည်းရုံးရေးလုပ်ဆောင်စဉ် မျက်နှာချင်းဆိုင်ဘက်မှ အမျိုးသားတစ်ဦးက ၎င်းကို ဆောင့်တွန်းကာ ရန်ပြုခဲ့ခြင်းဖြစ်သည်။

အသက် ၃၉နှစ်အရွယ် အရပ်မြင့်သော ထိုလူက ဝန်ကြီးချုပ် မက်တေဖရက်ဒရစ်ဆင်၏ ပခုံးကို ရုတ်တရက်ဆောင့်တွန်းလိုက်ခြင်း ဖြစ်ကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောသည်။

ထိုသို့ အတွန်းခံရပြီးနောက် မက်တေဖရက်ဒရစ်ဆင် နောက်သို့ လန်ပြီးလဲကျသွားရာ အပေါင်းအဖော်များက ဆွဲထူပေးခဲ့ရသည်။

ယင်းကဲ့သို့ ရန်ပြုသူကို ကိုပင်ဟေဂင်ရဲတပ်ဖွဲ့က လက်ရဖမ်းဆီးကာ စစ်ဆေးမေးမြန်းနေဆဲဖြစ်ကြောင်း သိရသည်။

**Mon**

## ယီမင်နိုင်ငံအခြေစိုက် ဟူသီသူပုန်အုပ်စုက ကုလသမဂ္ဂဝန်ထမ်း ၁၁ ဦးကို ထိန်းသိမ်းထား



**ဝါရှင်တန် ဇွန် ၈**

ယီမင်နိုင်ငံအခြေစိုက် ဟူသီသူပုန်အုပ်စုက ကုလသမဂ္ဂ အမျိုးသမီးဝန်ထမ်း ၂ ဦး၊ အမျိုးသားဝန်ထမ်း ၉ ဦး စုစုပေါင်း ၁၁ ဦးကို ထိန်းသိမ်းထားကြောင်း အယ်လ်ဂျာဇီးရားသတင်းဌာနက ဖော်ပြသည်။

ထိုဝန်ထမ်းများ အမြန်ဆုံးလွတ်မြောက်ရေးအတွက် ဘက်ပေါင်းစုံမှ ဆက်သွယ်စုံစမ်းချိတ်ဆက်နေကြောင်း ကုလသမဂ္ဂ ပြောခွင့်ရသူ စတက်ဖန်ဒူဂျာရစ်က ဆိုသည်။

ဟူသီသူပုန်အုပ်စုသည် အမေရိကန်အခြေစိုက် အမျိုးသားဒီမိုကရက်တစ်အဖွဲ့အစည်းမှ ဝန်ထမ်း ၃ ဦးကိုလည်း ထိန်းသိမ်းထားကြောင်း သိရသည်။

**Mon**

## မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့ပြီးနောက် ဂါဇာ ယာယီဆိပ်ကမ်းကို ပြင်ဆင်တည်ဆောက်

**ဝါရှင်တန် ဇွန် ၈**

မကြာသေးမီက ကျရောက်သည့် မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့ပြီးနောက် ဂါဇာယာယီဆိပ်ကမ်းကို ပြင်ဆင်တည်ဆောက်နေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



အမေရိကန်အစိုးရ၏ တာဝန်ပေးချက်အရ အလယ်ပိုင်းစစ်ဌာနချုပ်က တာဝန်ယူတည်ဆောက်ခဲ့သော ယင်းဆိပ်ကမ်းကို ပြန်လည်ပြင်ဆင်ရာတွင် အစ္စရေးစစ်ဘက်ဆိုင်ရာ အင်ဂျင်နီယာများက ကမ်းခြေမှ ပါဝင်အားဖြည့် ကူညီခဲ့ကြသည်။

၎င်းတို့သည် အမေရိကန် အလယ်ပိုင်းစစ်ဌာနချုပ်က အထူးလေ့ကျင့်သင်တန်းပေးထားသူများဖြစ်ကြောင်း ဌာနချုပ်ဒုတိယအကြီးအကဲက ရှင်းလင်းပြောကြားသည်။

မုန်တိုင်းကြောင့်ဖြစ်ပွားခဲ့သော ထိခိုက်ပျက်စီးမှုကို တစ်ပတ်အတွင်း ပြုပြင်ပြီးစီးရန် မျှော်မှန်းထားကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

ယခင်လက ထိုယာယီဆိပ်ကမ်းမှ ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်းအရပ်သားများအတွက် အစားအစာပေါင်းချိန် ၂ သန်းကျော် ဖြတ်သန်းပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

## ဂါဇာကမ်းမြောင်ဒေသရှိ ဒုက္ခသည်စခန်းတစ်ခုကို အစ္စရေးဘက်က အင်အားသုံးပစ်ခတ်တိုက်ခိုက်



**ဂျေရုဆလင် ဇွန် ၈**

ဂါဇာကမ်းမြောင်ဒေသရှိ ဒုက္ခသည်စခန်းတစ်ခုကို အစ္စရေးဘက်က ဇွန် ၇ ရက်တွင် အင်အားသုံးပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကုလသမဂ္ဂက ကြီးကြပ်မှုဖြင့် လုပ်ထားသော စာသင်ကျောင်းကို ဦးတည်တိုက်ခိုက်ခဲ့ပြီးနောက် ဒုက္ခသည်စခန်းကို တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

စာသင်ကျောင်းအတွင်းရှိ စာသင်ခန်းသုံးခန်းထဲတွင် ပုန်းခိုနေသော ဟားမက်စ်တို့ကို ပစ်ခတ်ချေမှုန်းခဲ့ပြီးနောက် ထောက်လှမ်းရေးသတင်းအရ ဒုက္ခသည်စခန်းကိုလည်း အလားတူတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



သြစတြေးလျနိုင်ငံ အရှေ့ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးနေသည်ကို ဇွန် ၈ ရက်က တွေ့ရစဉ်။ **Mon**

## အိမ်မင်းမှုကိုနှေးကွေးစေရန်အတွက် အစားအသောက်အနေအထိုင်ဆင်ခြင်ရမည်

လူတိုင်း အသက်အရွယ်ကြီးလာသည်နှင့်အမျှ ကိုယ်ရော စိတ်ပါ စွမ်းဆောင်ရည်တဖြည်းဖြည်းလျော့ကျလာသည်မှာ ဓမ္မတာပင်ဖြစ်သည်။

ကျဆင်းလာသောစွမ်းဆောင်ရည်နှင့်အတူ အထူးသဖြင့် ရုပ်ပိုင်းဆိုင်ရာအသွင်သဏ္ဍာန်များလည်း ယိုယွင်းလာသည်ကို ဇရာဟု ခေါ်ဆိုကြသည်။



ယနေ့ခေတ်တွင် ဇရာကိုအံတုနိုင်ရန် ဆေးသိပ္ပံပညာရှင်များ နည်းလမ်းအမျိုးမျိုးရှာကြံကာ သုတေသနပြုလျက်ရှိသည်။

ထိုသို့ သုတေသနပြုရာတွင် အမေရိကန်ပြည်ထောင်စု၊ ဘော်စတွန်မြို့ရှိ တပ်ဖ်စ်တက္ကသိုလ်မှ ကျန်တောင်မာ ဦးဆောင်သော အာဟာရဗေဒပညာရှင်များက ၎င်းတို့ဖော်ထုတ်တွေ့ရှိခဲ့သော ဇရာကို အံတုနိုင်သည့် နည်းလမ်းရှစ်သွယ်ကို မကြာသေးမီက ထုတ်ဝေသည့် အမေရိကန်နှလုံးအသင်းဂျာနယ်တွင် မျှဝေတင်ပြထားသည်။

ထိုနည်းလမ်းရှစ်သွယ်မှာ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာစားသုံးခြင်း၊ လှုပ်လှုပ်ရှားရှားနေခြင်း၊ ဆေးလိပ်ဖြတ်ခြင်း၊ ကောင်းစွာအိပ်စက်ခြင်း၊ ကိုယ်အလေးချိန်ထိန်းခြင်း၊ ကိုလက်စထရောထိန်းချုပ်ခြင်း၊ သွေးတွင်းသကြားဓာတ်ထိန်းညှိခြင်း၊ သွေးဖိအား မျှတညီညွတ်စေခြင်းတို့ဖြစ်သည်။ (SCI)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## V@ Kim Taehyung ၏ Suwan ရှိ နံရံဆေးရေးပန်းချီကား ဖြိုဖျက်ရန် စီစဉ်

ကိုရီးယားခရီးသွားလာရေး အဖွဲ့အစည်းမှ ဆူဝမ်ရှိ Heangung dong တွင် ဗွီခေါ် ကင်ထယ်ယောင်း၏ နံရံဆေးရေး ပန်းချီသည် နိုင်ငံအတွက် များစွာ အထောက်အကူပြုခဲ့သော်လည်း ဇူလိုင်လမှ ဩဂုတ်လအတွင်း ဖျက်သိမ်းဖြိုချရန်စီစဉ်ထားသည်ဟု အင်ချန်အီဘိုမီဒီယာက ဖော်ပြထားသည်။

အဆိုပါနံရံဆေးရေးပန်းချီကို STAZ ဟု လူသိများသည့် နာမည်ကျော် ဂရပ်ဖစ်အနုပညာရှင် လီဂျောင်ဘေးက ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ရေးဆွဲခဲ့ပြီး Korea Tourism Organi zation စာရင်းအရ လာရောက်လည်ပတ်သူ လူဦးရေ တိုးပွားခဲ့ပြီး နိုင်ငံအတွက် အထောက်အကူဖြစ်ခဲ့သည်ဟု ဖော်ပြထားသည်။

ဆူဝမ်ကိုလည်ပတ်ခဲ့သည့် ကျောင်းသားတစ်ဦးက ဘီတီအက်စ် ဗွီ၏ပန်းချီကားကို ကားပါကင်မှာထက် ပန်းချီကားအဖြစ် ပိုသင့်တော်သည်ဟု မှတ်ချက်ပေးထားသည်။

ပန်းချီဖန်တီးရှင် လီဂျောင်ဘေးက ယင်းဖြိုဖျက်မှုအပေါ် များစွာ စိတ်ပျက်မိပြီး၊ ဤကဲ့သို့ ပန်းချီကားမျိုးရေးဆွဲခွင့်ရသည့်အတွက်လည်း ကျေးဇူးတင်သည်ဟု ပြောကြားသွားသည်။

(SKY)

## Lovely Runner နှင့် ဒီဇိုင်းပညာရှင် Kim Hyeyoon နာမည်ရလာ

အနုပညာလောကသို့ ခက်ခက်ခဲခဲကြိုးစားဝင်ရောက်လာခဲ့သော ဂင်ဟယ်ယွန်းသည် Lovely Runner နှင့် ပရိသတ်အားပေးမှုနှင့်အတူ နာမည်ရလာခဲ့သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂင်ဟယ်ယွန်းက အင်တာဗျူးတစ်ခုတွင် သရုပ်ဆောင်ပြိုင်ပွဲများ ဝင်တိုင်း လူရွေးပွဲ ဘယ်လောက်များ သွားရဦးမည်မသိဖြစ်ခဲ့ကာ သရုပ်ဆောင်လုပ်သည်မှာ မှန်ရဲ့လားဟု တွေးမိကြောင်း၊ အတူပြေးလမ်းပေါ်တက်ခဲ့ကြသူများ အရွေးခံရပြီး အကြိမ်ကြိမ်ကျရှုံးခဲ့၍ ခံစားခဲ့ရကြောင်း၊ အားပေးစကားပြောသူများက လူတိုင်းတွင် အလှည့်ရှိပြီး၊ အချိန်ဆိုတာရှိသည်ဆို၍ ခက်ခက်ခဲခဲကြိုးစားခဲ့ရကြောင်း ပြောကြားထားသည်။

လက်ရှိ ဂင်ဟယ်ယွန်းမှာ လူငယ်ဇာတ်ကားသုံးကားဖြစ်သည့် Extraridinary You, SKY Castle နှင့် Lovely Runner တို့နှင့် နာမည်ရခဲ့ကာ သူနှင့်တွဲ၍ သရုပ်ဆောင်ခဲ့သည့် မင်းသားသုံးဦးဖြစ်သည့် ရိုဝမ်၊ လီဂျေဝုဒ်နှင့် ဘိတ်စူဆွတ်တို့မှာ အရပ်မြင့်မား၍ ကွာခြားချက်ရှိသဖြင့် ပရိသတ်ပို၍ အာရုံစိုက်ခံခဲ့ရသည်။

(SKY)






## War Of Faith ရုပ်ရှင်တက္ကသိုလ်ဝင်ခွင့် စာမေးပွဲတွင် စာစီစာကုံးအဖြစ် မေးခွန်းပါဝင်

တရုတ်နိုင်ငံပိုင် CCP ၏ တရားဝင်သတင်းစာ People's Daily ၏ ကောက်နုတ်ရေးသားချက်အရ War Of Faith ဇာတ်လမ်းတွဲပါအကြောင်းအရာကို တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတွင် စာစီစာကုံးမေးခွန်းအဖြစ် ပါဝင်ခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါစာမေးပွဲစာစီစာကုံး တစ်နည်းအားဖြင့် သတင်းဆောင်းပါးတွင် ရလဒ်ကောင်းရရှိထားပြီး ရိုက်ကူးရေးကောင်းမွန်မှု၊ အရည်အသွေးမြင့်မားမှု၊အရောင်အသွေးရွေးချယ်မှု၊ တည်းဖြတ်ကောင်းမွန်မှုများနှင့်ထုတ်လုပ်သူပါဝင်သရုပ်ဆောင်များ၏ စွမ်းရည်မြင့်မားမှုတို့ကို တွေ့ကြရသည်။

ခေတ်အနေအထားလိုက်၍ ဝတ်စားဆင်ယင်ပုံအသေးစိတ်ကျပြီး သာမန်လူများ၏ ဘဝသရုပ်ကို ကွက်ကွက်ကွင်းကွင်းဖော်ပြနိုင်၍ ပရိသတ်ရင်ထဲရောက်ရှိခဲ့သဖြင့် အထင်ကြီးစရာ အောင်မြင်မှုရရှိထား၍ ၂၀၂၄ ခုနှစ် ဧပြီလထုတ် People's Daily ၏ ဖော်ပြချက်အရ စာစီစာကုံးအနေနှင့် ပြန်လည်ထည့်သွင်းထားပြီး တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ မေးခွန်းဖြစ်ခဲ့သည်ဟု ရေးသားဖော်ပြထားသည်။ (SKY)

## Donnie Yen က ၂၀၂၄ ခုနှစ်တွင် တစ်ကျော့ပြန်လာ



ဟောင်ကောင်ရုပ်ရှင်အနုညာရှင် ဒိုနီယန်သည် ၂၀၂၄ ခုနှစ်တွင် ဟောလီဝုဒ်ရုပ်ရှင်နှစ်ကား ဟောင်ကောင် မန်ဒရင်းရုပ်ရှင်သုံးကားနှင့် အနုပညာလောကသို့ တစ်ကျော့ပြန်လည်ရောက်ရှိလာသည်။

ဒိုနီယန်သည် ၁၉၈၄ ခုနှစ် Drunken Tai Chi ရုပ်ရှင်နှင့် အနုပညာလောကသို့ စတင်ခဲ့ပြီး သရုပ်ဆောင်၊ဒါရိုက်တာတစ်ဦးအဖြစ်လည်း တာဝန်ယူခဲ့ကာ ဂျက်ကီချန်းနှင့် ခေတ်ပြိုင်သရုပ်ဆောင်ခဲ့သည်။

ဒိုနီယန်ပါဝင်သည့် ဟောလီဝုဒ်ရုပ်ရှင် John Wick Chapter 4 ထုတ်လုပ်သူက သူ့ဇာတ်ကောင် Cain အကြောင်း သီးသန့်တစ်ကားရိုက်ကူးပေးပြီး၊ Kung Fu ဇာတ်ကားကို ပြန်လည်ရိုက်ကူးမည်ဖြစ်သည်။

ဟောင်ကောင် မန်ဒရင်းရုပ်ရှင် IP Mans 5, Flash Point 2 နှင့် The Prosecutor တို့တွင်လည်း ပါဝင်ကာ Rogue One Star Wars Story တွင်လည်း ပါဝင်မည်ဖြစ်သည်။

(SKY)

## KGF Chapter- 3 ရိုက်ကူးလျက်ရှိ

ဘောလီဝုဒ်ရုပ်ရှင် KGF Chapter- 2 သည် လေးရက်နှင့်ရှုပီး ၅၄၆ ကုဋေရရှိပြီး စံချိန်တင်ခဲ့ရာမှ အပိုင်းသုံးရိုက်ကူးလျက်ရှိသည်ဟု တရားဝင်ကြေညာသွားကြောင်း ဘောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




အဆိုပါရုပ်ရှင်သည် ပြည်တွင်းပြည်ပဝင်ငွေများစွာရရှိထားကာ အပိုင်းတစ်တွင် ရပ်ချ်ကို ဘုံဘေ၏ ဘုရင်အဖြစ် တည်ဆောက်ယူပုံ၊ အပိုင်းနှစ်တွင် လူရာချီရှိသည့် KGF ဒေသတစ်ခုလုံးက ဘုရင်နေရာလုယူရာမှ ဂိုဏ်းစတားအဖြစ်ခံယူခဲ့ပုံတို့ကို တင်ပြထားသည်။

မင်းသားရပ်ချ်က အပိုင်းသုံးရိုက်ကူးရန်အတွက် သူ့ဆံပင်နှင့်နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများ မရိတ်သေးဘဲ သရုပ်ဆောင်ခဲ့ပြီး သူ့ရုပ်ရှင် RRR ၏ စံချိန်ကို ကျော်တက်သွားရန် ဆက်လက်ကြိုးစားသွားမည်ဟု ဆိုသည်။

(SKY)

0-0-0-0-0

## Supernatural ကို Reboot ချရန် မူရင်းဖန်တီးသူက ခွင့်ပြုထား




အမေရိကန်အခြေစိုက် CW ရုပ်သံလိုင်းမှ ဆယ်စုနှစ်တစ်စုကြာ အောင်မြင်ခဲ့သည့် Supernatural ကို reboot ချရန် မူရင်းဖန်တီးသူ ထုတ်လုပ်သူဒါရိုက်တာ အဲရစ်ခရက်ကီက ခွင့်ပြုခဲ့သည်ဟု ဟောလီဝုဒ်အက်ဒိတ်တွင် ဖော်ပြသည်။

ကမ္ဘာပေါ်မှ ရိုးရာဒဏ္ဍာရီများကို အခြေတည်ကာ ဇာတ်လမ်းဇာတ်ညွှန်းဖန်တီးထားပြီး စုစုပေါင်း အပိုင်းနှစ်ရာကျော်နှင့် ပရိသတ်အခိုင်အမာရရှိထားကာ ၂၀၀၅ခုနှစ်မှစ၍ ယနေ့ထိ အောင်မြင်ခဲ့ရာမှ ဒါရိုက်တာ၊ထုတ်လုပ်သူ အဲရစ်ခရက်ကီက ပြန်လည်ရိုက်ကူးရန် ခွင့်ပြုကြောင်း မဂ္ဂဇင်းတွင် ပြောကြားသွားသည်။

သရုပ်ဆောင် ဂျာဒ်ပါဒါလီကီနှင့် ဂျက်သန်အာကီတို့နှစ်ဦး အဓိကပါဝင်ထားပြီး ဆမ်ဝက်ချက်စတာနှင့် ဒင်းဝက်ချစတာဇာတ်ကောင်များကို ပရိသတ်သတိရနေကြဆဲဖြစ်သည်။ (SKY)



## ဦးပွားဘုရားအတွင်းရှိ အေးငြိမ်းချမ်းသာစေတီတော် ရွှေထီးတော်အသစ် တင်လှူပွဲ ကျင်းပ

**မန္တလေး ဇွန် ၈**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ရှေးဟောင်းဦးပွားဆုတောင်းပြည့်စေတီတော်ဘုရားကြီးဝင်းအတွင်းရှိ 'အေးငြိမ်းချမ်းသာ' စေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်အသစ် ပြန်လည်တင်လှူခြင်းမင်္ဂလာအခမ်းအနားကို နှစ်ဖက်ကျေးဇူးရှင် အဘိုး၊ အဘွား၊ မိဘ၊ ဆရာသမားများ အမှူးထား၍ အမှတ်(၃၀၈)၊ ၂၉လမ်း၊ ဝါးတန်းရပ်နေ (သင်းနံ့လက်ဖက်ပွဲရုံ) ဒေါ်သန်းညွန့်၊ ဒေါ်သုနန္ဒ(ခ)ဒေါ်အမာ(ခ)ဒေါ်ညွန့်ညွန့်စိန်တို့အား ရည်စူး၍ အလှူရှင် ဒေါ်ခင်လေး၊ (သား)ကိုသက်နိုင်ယု+မအေးအေးငြိမ်း(Super User Mobile)၊ (မြေး)မလမင်းချစ် မိသားစုတို့က ဇွန် ၇ ရက် နံနက် ၆ နာရီခွဲတွင် ၎င်းစေတီတော်၌ ရွှေထီးတော်တင်လှူပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ လယ်ဝန်ကျောင်းဆရာတော် ဘဒ္ဒန္တပညာသီရိ(မဟာသဒ္ဓမ္မဇောတိကဓဇ)က မင်္ဂလာအချိန်တွင် သဗ္ဗဂါအပေါင်း အေးချမ်းသာယာစေကြောင်း ဂါထာရွတ်ဖတ်ပြီး အလှူရှင် မိသားစုတို့က စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား ပင့်ဆောင်၍ စေတီတော်အား လက်ယာရစ် သုံးပတ်လှည့်လည်ပူဇော်ကာ ရွှေထီးတော်များကို အထွတ်တင်လှူပူဇော်ပြီးနောက် ဆရာတော်၊ သံဃာတော်တို့က ဘုရားအနေကဇာတင် မင်္ဂလာပြုလုပ်သည်။

ထို့နောက် သာသနဝိပုလသိမ်တော်ကြီး၌ ဆရာတော်များအား အရဏ်ဆွမ်းဆက်ကပ်ပြီးနောက် ဒေါနခြံအုင်ကျောင်း၊ မဟာမုနိဘုရားကြီး၏ ဒုတိယရေတော်ဆရာတော် ဘဒ္ဒန္တ ဝဏ္ဏသာဃရ (မဟာဂန္ထဝါစကပဏ္ဍိတ)က ငါးပါးသီလ ချီးမြှင့်ပေး၍ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းရာ ဆရာတော်မှ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

အဆိုပါ ထီးတော်တင်လှူပွဲသို့ ဦးပွားဘုရားဂေါပကနာယကဆရာကြီး ဦးတင်မောင်၊ ဥက္ကဋ္ဌ ဦးမြင့်ဦး၊ ဒုတိယဥက္ကဋ္ဌ ဦးမိုးဆွေ၊ ဦးမင်းမင်းဦး၊ အတွင်းရေးမှူး ဦးထွန်းထွန်းလင်းနှင့် အဖွဲ့ဝင်များ၊ ဓမ္မစကြာအဖွဲ့နှင့် အလှူရှင်မိသားစုများ တက်ရောက်ပြီး အဆိုတော် သရုပ်ဆောင် မိုခမ်းက ဓမ္မတေးဖြင့် ပူဇော်ပေးကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(ကဆ)**

## ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း



**မန္တလေး ဇွန် ၈**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေ ပေးအပ်ရာ ရှေးဦးစွာ အလှူရှင် မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်တို့အား အရဏ်ဆွမ်း ဆက်ကပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကောသဝက ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချ အနုမောဒနာ ဟောကြားချီးမြှင့်ပြီး ကွယ်လွန်သူမိဘနှစ်ပါးအား ရည်စူး၍ မန္တလေး၊ နန်းတော်ရှေ့ပြည်တော်သာတိုက်တန်းနေ အလှူရှင် ဦးအေးသွင်+ဒေါ်မြမြ၊ သားကိုစိုးမင်း+မဖြူသွယ်စိုး၊ သမီး မခိုင်ဝေလွင်၊ မခိုင်ဝေသွင် မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၁၃ သိန်းကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ဝင် ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

**(ကဆ)**

## ဌာနဆိုင်ရာများ စုပေါင်းပြီး ပြည်သူ့အကျိုးပြု သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ပွင့်ဖြူ ဇွန် ၈**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် မြို့ပြသန့်ရှင်းသာယာလှပစေရန်နှင့် ပြည်သူများ စနစ်တကျ အမှိုက်စွန့်ပစ်သည့် အလေ့အကျင့်များရရှိပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြို့ပြနှင့် ကျေးလက်ဒေသတစ်ခွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိရာ ယနေ့ နံနက် ၇ နာရီက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က ပွင့်ဖြူမြို့နယ်၊ အနောက်ပိုင်းရပ်ကွက် ဂုဏဝတီဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ ပူးပေါင်းအဖွဲ့က ပွင့်ဖြူမြို့နယ်၊ အနောက်ပိုင်းရပ်ကွက်ရှိ ဂုဏဝတီဘုန်းတော်ကြီးကျောင်းအား ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန် ကျောင်းပရိဝုဏ်အတွင်းရှိ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ကောက်ယူရှင်းလင်းခြင်း၊ တံမြက်စည်းလှဲခြင်းလုပ်ငန်းများကို အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ပွင့်ဖြူမြို့နယ်၌ ယခုကဲ့သို့ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က အပတ်စဉ်(စနေနေ့တိုင်း) မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ အခြေခံပညာကျောင်းများနှင့် ဆေးရုံဆေးခန်းများသို့ သွားရောက်၍ အရှိန်အဟုန်မပျက် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌထံမှ သိရသည်။

**(၄၄၅)**

## (၁၄၄)ကြိမ်မြောက် သွေးလှူဒါန်း

**မန္တလေး ဇွန် ၈**

စိန်ညီအစ်ကို စေတနာ သွေးလှူရှင်အဖွဲ့မှ ဦးတင်မြင့် (လူမှုထူးချွန်ပထမဆင့်၊ အလုပ်ရုံစိတ်မှူး(ငြိမ်း)ရတနာပုံသဘော်ကျင်း) သည် ဇွန် ၅ ရက် နံနက် ၁၀ နာရီက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ တက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် အမျိုးသားသွေးလှူဘဏ်တွင် (၁၄၄)ကြိမ်မြောက်အဖြစ် ဇီဝိတဒါနသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(ကဆ)**



**အသက်သည်သွေး ၊ သွေးသည် အသက် ။**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၇ ရက်တွင် အသိပေး သတင်းထုတ်ပြန်ချက်အပေါ်မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Ye Yint Khant Maung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက်နေ ရဲရင့်ခန့်မောင်အား ညနေ ၆ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ "Nyein Ko Min" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်နေ ငြိမ်းကိုမင်း အား ညနေ ၅ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "Myint Myat Thaung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကင်းမြို့နယ် အမှတ်(၈)ရပ်ကွက်နေ မြင့်မြတ်သောင်းအား ည ၇ နာရီ မိနစ် ၂၀ တွင် လည်းကောင်း၊ "Thiha Tin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကင်းမြို့နယ် အမှတ်(၈)ရပ်ကွက်နေ သီဟတင်အား ည ၇ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ "Sithu" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၂)ရပ်ကွက်နေ စည်သူ(ခ)ဟိန်းဇေယျာစည်သူအား ည ၈ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ "Zaw Min Tun" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် အမှတ်(၁၆) ရပ်ကွက်နေ ဇော်မင်းထွန်းအား ည ၉ နာရီ ၅ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ ကြည့်ရှုစစ်ဆေး

## စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန်လိုသကဲ့သို့ အထွက်နှုန်းများ တိုးမြင့်လာစေရေးအတွက်လည်း စနစ်တကျဆောင်ရွက်ကြရမည်

နေပြည်တော် ဇွန် ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ရန်ကုန်မြစ်နှင့် မှော်ဝန်းချောင်းအကြားနေရာရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား မွေးမြူရေးဇုန်ရှင်းလင်းဆောင်၌ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် တာဝန်ရှိသူများက ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်နှင့် ၂၆ မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်တို့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ ဘက်စုံ စိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုနှင့် ဆောင်ရွက်ပြီးစီးပြီး လုပ်ငန်းလည်ပတ်နေမှုအခြေအနေများ၊ ငါး၊ ဥစားဘဲ၊ ဥစားကြက်၊ အသားတိုးကြက်၊ နို့စားနွား၊ အသားစားနွား၊ အသားတိုးဝက် စသည့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထွက်နှုန်းတိုးတက်မြင့်မားစေရေး မျိုးကောင်းမျိုးသန့်များ ရွေးချယ်မွေးမြူခြင်း၊ ခေတ်မီစက်ယန္တရားများ အသုံးပြုမွေးမြူခြင်း၊ သားဖောက်မွေးမြူခြင်းများ ဆောင်ရွက်လျက်ရှိပြီး အစာပြည့်စုံကောင်းမွန်မှုရှိစေရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ထွက်ရှိလာသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးလျက်ရှိသည့် အခြေအနေများ၊ မွေးမြူရေးဇုန်များ၌ အစာစပ်လုပ်ငန်းနှင့် အစာတောင့်စက်များ ထုတ်လုပ်လျက်ရှိမှု၊ နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရောင်းချလျက်ရှိမှု အခြေအနေများ၊ ရော်ဘာစိုက်ပျိုးရေး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်မှထွက်ရှိသည့် ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစဉ်။

### တိုးမြှင့်ဆောင်ရွက်နေ

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုကဲ့သို့ စိုက်ပျိုးမွေးမြူရေးဇုန်များ ဖော်ဆောင်၍ ဆောင်ရွက်လျက်ရှိခြင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အသား၊ ငါးနှင့် ရာသီသီးနှံဖူလုံမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံများစွာရှိပြီး လူဦးရေများပြားစွာရှိနေခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအားမျှတစေရန်နှင့် အခြေခံစားကုန်များ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ အသား၊ ငါးနှင့် ရာသီသီးနှံများ ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးဇုန်များအတွင်း မြေအသုံးချမှုများကို အကျိုးရှိရှိ အသုံးချနိုင်ရန်လိုကြောင်း၊ ယနေ့တွင် ပဲခူးမြစ်ကူးတံတား(သန်လျင်တံတား အမှတ်-၃) ကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည့်အတွက် သန်လျင်ဒေသသည် ယခင်ကထက် များစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်သွားရန် လိုသကဲ့သို့ အထွက်နှုန်းများ တိုးမြင့်လာစေရေးအတွက်လည်း စနစ်တကျဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဥစားကြက်၊ ဘဲမွေးမြူရေးနှင့် ပတ်သက်၍ ဥထွက်ရှိမှုပမာဏ၊ ဥသည့်အချိန်ကာလတို့ကို စနစ်တကျတွက်ချက်ချိန်ညှိ၍ အသုတ်လိုက်မွေးမြူသည့်စနစ်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ကြရမည်ဖြစ်ပြီး အထွက်နှုန်းတိုးမြင့်လာစေမည့် မွေးမြူရေးနည်းလမ်းများကိုလည်း ဆက်လက်လေ့လာဆောင်ရွက်သွားကြရန်လိုကြောင်း။

**❝ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုကဲ့သို့ စိုက်ပျိုးမွေးမြူရေးဇုန်များ ဖော်ဆောင်၍ ဆောင်ရွက်လျက်ရှိခြင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အသား၊ ငါးနှင့် ရာသီသီးနှံ ဖူလုံမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံများစွာရှိပြီး လူဦးရေများပြားစွာရှိနေခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအား မျှတစေရန်နှင့် အခြေခံစားကုန်များ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ အသား၊ ငါးနှင့် ရာသီသီးနှံများ ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်နေခြင်းဖြစ်❞**

စာမျက်နှာ ၆ သို့ ❖